တစ်နိုင်ငံလုံး ပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်

(Nationwide Ceasefire Agreement-NCA)

# NCA အကောင်အထည်ဖော်မှုဆိုင်ရာ

# လုပ်ငန်းလမ်းညွှန်များ



- ကန့်သတ် -

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်

(Nationwide Ceasefire Agreement-NCA)

# NCA အကောင်အထည်ဖော်မှုဆိုင်ရာ

# လုပ်ငန်းလမ်းညွှန်များ

KNU-DOI နှင့် Research Institute for Society and Ecology (RISE) တို့မှ

၂၀၁၆ ဇန်နဝါရီလ (၁၀) ရက်နေ့တွင် ထုတ်ဝေသည်။

- ကန့်သတ် -

# မာတိကာ

## တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာညှိနှိုင်းအစည်းအဝေး (JICM)


၁ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အကောင်အထည် ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM) လုပ်ငန်းလမ်းညွှန် ၁

၂ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အကောင်အထည် ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM) တက်ရောက်မည့်သူများစာရင်း ၂

၃ သတင်းထုတ်ပြန်ချက် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ (၁၇) ရက်၊ နေပြည်တော် ၅


## ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC)


၄ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ အဆင့်ဆင့် လုပ်ငန်းလမ်းညွှန် (မူကြမ်း) ၇

၅ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးပူးတွဲစောင့်ကြည့်ရေးကော်မတီ လုပ်ငန်းလမ်းညွှန် ၂၇

၆ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီဝင်များ စာရင်း (JMC) ၂၈


## ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC)


၇ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် (The Framework for Political Dialogue) ၃၀

၈ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) လုပ်ငန်းလမ်း ညွှန် ၄၃

၉ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) ၄၆

# တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM) လုပ်ငန်းလမ်းညွှန်

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးသည် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်ပါအချက်များကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန် ရည်ရွယ်သည်။

NCA လက်မှတ်ရေးထိုးပြီး ပထမအကြိမ် JICM အစည်းအဝေးခေါ်သည့်နေ့မှစ၍ NCA စာချုပ်ပါ အချက်အလက်များအားလုံး အကောင်အထည်ဖော် ပြီးဆုံးသည်အထိ JICM ကို လိုအပ်သလို ညှိနှိုင်းကျင်းပသွားရမည်ဖြစ်သည်။

## ၁။ JICM အစည်းအဝေးတက်ရောက်မည့်ပုဂ္ဂိုလ်များ

JICM ကို နိုင်ငံတော်အစိုးရဖက်မှ အစိုးရအဖွဲ့၊ လွှတ်တော်နှင့် တပ်မတော်မှ ကိုယ်စားလှယ်များနှင့် NCA လက်မှတ်ရေးထိုးထားကြသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ တစ်ဖွဲ့လျှင် ကိုယ်စားလှယ်တစ်ဦးစီ ပါဝင်ရမည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ တစ်ဖွဲ့လျှင် အကြံပေး (၃)ဦးစီ ပါဝင်တက်ရောက်နိုင်သည်။ NCA လက်မှတ်ရေးထိုးသည့်အဖွဲ့အစည်းအရေအတွက် တိုးလာသည်နှင့်အမျှ JICM အစည်းအဝေးတက်ရောက်မည့် အရေအတွက်ကို ပြင်ဆင်တိုးချဲ့နိုင်သည်။

## ၂။ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

(က) တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ပါ အချက်များကို အကောင်အထည်ဖော်နိုင်ရေးအတွက် (အခန်း–၃၊ အပိုဒ်–၃) ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) (အခန်း–၄၊ အပိုဒ်–၁၁) ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) နှင့် အခြား လိုအပ်သော ကော်မတီများဖွဲ့စည်းခြင်း (အခန်း–၅၊ အပိုဒ်–၂၁)

(ခ) အထက်ပါကော်မတီများ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မဖြေရှင်းနိုင်သည့် ကိစ္စရပ်များ ညှိနှိုင်းဖြေရှင်းပေးခြင်း (အခန်း–၇၊ အပိုဒ်–၃၁(ခ))

(ဂ) စာချုပ်ပါအချက်များ အကောင်အထည်ဖော်ရာတွင် ဝိဝါဒကွဲပြားမှုများ ဖြစ်ပေါ်လာပါက

ညှိနှိုင်းဖြေရှင်းပေးခြင်း (အခန်း–၇၊ အပိုဒ်–၃၁(ခ))

(ဃ) NCA စာချုပ်ပါအချက်များ အကောင်အထည်ဖော်မှုအပေါ် လိုအပ်သလို ဆန်းစစ်ခြင်း (အခန်း–၇၊ အပိုဒ်–၃၂)

(င) ကြားကာလအတွင်း ဆောင်ရွက်ရမည့်အစီအစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဝိဝါဒ ကွဲပြားမှုများ ဖြစ်ပေါ်လာပါက ညှိနှိုင်းဖြေရှင်းပေးခြင်း

(စ) JMC ၏ လုပ်ငန်းလမ်းညွှန်များ၊ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို အတည်ပြုပေးခြင်း

(ဆ) JMC မှ ရေးဆွဲထားသော ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ နှစ်ဖက်လိုက်နာရမည့် စစ်ဘက်ဆိုင်ရာကျင့်ဝတ်များ၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ အတည်ပြုပေးခြင်း

(ဇ) UPDJC နှင့် အခြားကော်မတီများ၏ လုပ်ငန်းလမ်းညွှန်များ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို အတည်ပြုပေးခြင်း

**၃။ အစည်းအဝေးများကျင်းပခြင်း**

JICM ပုံမှန်အစည်းအဝေးကို (၃)လလျှင် တစ်ကြိမ်ကျင်းပရမည်။ အရေးပေါ်အစည်းအဝေးကို လိုအပ်သလို ကျင်းပရမည်။

**၄။ အစည်းအဝေးအထမြောက်ခြင်း**

JICM အစည်းအဝေးသို့ အစိုးရအဖွဲ့၊ လွှတ်တော်နှင့် တပ်မတော်မှ ကိုယ်စားလှယ်များ အပါအဝင် တစ်ဖက်စီမှ ဆုံးဖြတ်ချက်ချနိုင်သူ (၇၅%)စီ တက်ရောက်လျှင် အစည်းအဝေး အထမြောက်ပါသည်။

**၅။ အစည်းအဝေးဆုံးဖြတ်ချက်များချမှတ်ခြင်း**

JICM သည် လုပ်ငန်းအကောင်အထည်ဖော်ရန်အတွက် ဆုံးဖြတ်ချက်ချရာတွင် လုံလောက်သော စုပေါင်း သဘောထားပုံစံ (Sufficient Consensus) ဖြင့် ဆုံးဖြတ်စေရမည်။ လုံလောက်သော စုပေါင်း သဘောထားပုံစံဆိုသည်မှာ အနည်းဆုံးအနေဖြင့် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတို့ဖက်မှ တစ်ဖက်ချင်းစီတွင် ထောက်ခံမဲ သုံးပုံနှစ်ပုံရရမည်ကို ဆိုလိုခြင်းဖြစ်သည်။

**၆။ ပြင်ဆင်ဖြည့်စွက်ခြင်း**

JICM ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို JICM အစည်းအဝေးတွင် အထက်ပါအပိုဒ် (၅)နှင့်အညီ အစည်းအဝေးဆုံးဖြတ်ချက်များ ချမှတ်၍ ပြင်ဆင်ဖြည့်စွက်နိုင်သည်။

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်
# အကောင်အထည်ဖော်မှုဆိုင်ရာညှိနှိုင်းအစည်းအဝေး (JICM)
# တက်ရောက်မည့်သူများစာရင်း

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

၁။ ဒေါက်တာ စိုင်းမောက်ခမ်း
ဒုတိယသမ္မတ

၂။ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း
ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်
ကာကွယ်ရေးဦးစီးချုပ် (ကြည်း)

၃။ ဦးအောင်မင်း
ပြည်ထောင်စုဝန်ကြီး
ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ

၄။ ဦးသိန်းဇော်
ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်တိုင်းရင်းသားရေးရာ၊
ကျေးလက်လူမှုဘဝမြှင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီ
ဒုဥက္ကဋ္ဌ၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်း

၅။ ဦးစိုးသိန်း
ပြည်ထောင်စုဝန်ကြီး

၆။ ဦးခင်မောင်စိုး
ပြည်ထောင်စုဝန်ကြီး

၇။ ဦးအုန်းမြင့်
ပြည်ထောင်စုဝန်ကြီး

၈။ ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်
စစ်ဥပဒေချုပ်

## တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ

၁။ ပဒိုစောကွယ်ထူးဝင်း
အထွေထွေအတွင်းရေးမှူး
ကေအဲန်ယူ–ကရင်အမျိုးသားအစည်းအရုံး (KNU)

၂။ ဗိုလ်ချုပ်စောရင်နု
စစ်ထောက်ချုပ်
ကရင်အမျိုးသားအစည်းအရုံး/ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်
(ငြိမ်းချမ်းရေးကောင်စီ) (KNU/ KNLA PC)

၃။ ပူးဇင်ကျုံး
အထွေထွေအတွင်းရေးမှူးချုပ်
ချင်းအမျိုးသားတပ်ဦး (CNF)

၄။ ဗိုလ်ချုပ်စောမိုရှေး
ဒုတိယစစ်ဦးစီးချုပ်
ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် (DKBA)

၅။ ဗိုလ်မှူးကြီးခွန်ဥက္ကာ
နာယက
ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO)

၆။ ရဲဘော်သံခဲ
ဥက္ကဋ္ဌ
မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF)

၇။ ခိုင်စိုးနိုင်အောင်
ဒုတိယဥက္ကဋ္ဌ
ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)

၈။ ဗိုလ်မှူးကြီး စိုင်းလ
အတွင်းရေးမှူး–၂
သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)

# သတင်းထုတ်ပြန်ချက်

**၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ (၁၇)ရက်**

**နေပြည်တော်**

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (၈)ဖွဲ့ အကြား တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် "Nationwide Ceasefire Agreement" (NCA) ကို ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ (၁၅)ရက်နေ့တွင် နေပြည်တော်၌ လက်မှတ်ရေးထိုးခဲ့ပါသည်။

၂။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး "Joint Implementation Coordination Meeting" (JICM) ကို တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက် စာချုပ်ပါ အခန်း (၅) အပိုဒ် (၂၁) အပိုဒ်ခွဲ (က) (၁)အရ ၂၀၁၅ခုနှစ် အောက်တိုဘာလ (၁၅) ရက်နေ့၊ နေ့လည်ပိုင်းတွင် စတင်ကျင်းပ ပြုလုပ်ခဲ့ရာ နိုင်ငံတော်သမ္မတဦးသိန်းစိန် တက်ရောက်ပြီး အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။ ၎င်းညှိနှိုင်းအစည်းအဝေးကို ဒုတိယသမ္မတ၊ ဒေါက်တာစိုင်းမောက်ခမ်း ဦးဆောင်၍ အောက်တိုဘာလ (၁၆၊ ၁၇)ရက်နေ့များတွင် နေပြည်တော်၌ ဆက်လက်ကျင်းပခဲ့ပါသည်။

၃။ ဤညှိနှိုင်းအစည်းအဝေးတွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးပူးတွဲစောင့်ကြည့်ရေးကော်မတီ "Joint Monitoring Committee" (JMC) နှင့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ "Union Peace Dialogue Joint Committee" (UPDJC) များကို ဖွဲ့စည်းနိုင်ခဲ့ကြပါသည်။

၄။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးရာတွင် မပါဝင်သေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ဂုဏ်သိက္ခာရှိစွာ ပူးပေါင်းပါဝင်လာနိုင်ရေးအတွက် နှစ်ဘက်ကြိုးပမ်းဆောင်ရွက်သွားရန် သဘောတူကြပါသည်။

၅။ ဒုတိယအကြိမ် (JICM) အစည်းအဝေးကို နိုဝင်ဘာလအလယ်ပိုင်းတွင် ထပ်မံကျင်းပရန် သဘောတူခဲ့ကြပြီး (NCA) စာချုပ်ပါသဘောတူညီချက်များနှင့်အညီ နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပနိုင်ရန် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်**
**အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး**

# ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ အဆင့်ဆင့်၏ လုပ်ငန်းလမ်းညွှန် (မူကြမ်း)

## နိဒါန်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (Ethnic Armed Organizations - EAOs) အကြား တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (Nationwide Ceasefire Agreement - NCA) ကို နေပြည်တော်တွင် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ (၁၅)ရက်နေ့၌ လက်မှတ်ရေးထိုးပြီး ဖြစ်သောကြောင့် စာချုပ်တွင်ဖော်ပြထားသည့်အတိုင်း 'ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ' အဆင့်ဆင့်ကို ဤလုပ်ငန်းလမ်းညွှန်ပါအတိုင်း ဖွဲ့စည်းသွားမည်ဖြစ်ပါသည်။ ထိုကော်မတီအဆင့်ဆင့်၏ အကောင်အထည်ဖော်ဆောင်မှုဖြင့် လက်နက်ပဋိပက္ခများအား လျော့ကျရပ်စဲစေရန်ဦးတည်၍ နိုင်ငံရေးဆွေးနွေးပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးကို အထောက်အကူပြုစေရန် သဘောတူကြပါသည်။

## အခန်း(၁)
## ရည်ရွယ်ချက်

၂။ တစ်နိုင်ငံလုံးအတိုင်းအတာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအခြေအနေ၊ ဤသဘောတူစာချုပ်၏ တပ်ပိုင်းဆိုင်ရာ ကိစ္စများ၊ စစ်ဘက်ဆိုင်ရာကျင့်ဝတ်များနှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများအား ထိန်းသိမ်း လိုက်နာခြင်းနှင့်ပတ်သက်၍ စောင့်ကြည့်လေ့လာခြင်း၊ ပေါ်ပေါက်လာသော အငြင်းပွားမှုများအား ဖြေရှင်းရာတွင် ဘက်လိုက်မှုကင်းပြီး ပွင့်လင်းမြင်သာမှုအခြေခံဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အထောက်အကူပြုရန်။

## အခန်း(၂)
## အခြေခံမူများ

၃။ ‘ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ’ အဆင့်ဆင့်သည် အောက်ပါ အခြေခံမူများအတိုင်း ဆောင်ရွက်သွားရန် သဘောတူကြသည်–

(က) လုပ်ငန်းစဉ်တစ်ခုကို အကောင်အထည်ဖော်ရာတွင် ဘက်လိုက်မှုကင်းခြင်း၊ ပွင့်လင်းမြင်သာမှု ရှိခြင်း၊ တရားမျှတမှု၊ တန်းတူညီမျှမှုနှင့် ဂုဏ်သိက္ခာရှိမှုတို့ကို အခြေခံရန်။

(ခ) နှစ်ဘက်အောက်ခြေအဆင့်တွင် ဖြစ်ပေါ်နိုင်သည့်ပဋိပက္ခများအား အင်အားသုံး ဖြေရှင်းခြင်း မပြုပဲ ညှိနှိုင်းအဖြေရှာခြင်းနည်းလမ်းကို အသုံးပြုရန်။

(ဂ) တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ပါ အခြေခံမူများ၊ ဦးတည်ချက်နှင့် ရည်ရွယ်ချက်များအတိုင်း စောင့်ထိန်းအကောင်အထည်ဖော်ရန်။

(ဃ) တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်တွင် ဖော်ပြပါရှိသည့် နှစ်ဖက် အပြန်အလှန်ထားရှိသော ကတိကဝတ်များကို စောင့်ထိန်းရန်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် များကို ပွင့်လင်းမြင်သာခြင်း၊ တာဝန်ယူခြင်း၊ တာဝန်ခံခြင်း စသည့်နည်းလမ်းများဖြင့် အကောင်အထည်ဖော်ရန်။

(င) ငြိမ်းချမ်းရေးဆွေးနွေးဘက်များအကြား ဝိဝါဒကွဲပြားမှုများကို ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိရေး စိတ်ရင်းစေတနာမှန်ဖြင့် အကြေအလည် ညှိနှိုင်းဖြေရှင်းဆောင်ရွက် ရန်။

(စ) အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဆိုင်ရာဥပဒေနှင့် လူ့အခွင့်အရေးဆိုင်ရာ ဥပဒေများကို အသိအမှတ်ပြုလေးစားရန်။

## အခန်း(၃)
## ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ ဖွဲ့စည်းပုံ

၄။ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီကို တစ်နိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်း အစည်းအဝေးမှ အောက်ပါအတိုင်း ဖွဲ့စည်းပေးရမည် –

(က) ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီကို အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် နှစ်ဘက် လက်ခံသော အများယုံကြည်လေးစားရသည့် အရပ်သားကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းမည်။

ထိုဖွဲ့စည်းရာတွင် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်များဘက်မှ ကိုယ်စားလှယ်(၁၀)ဦးစီဖြင့်လည်းကောင်း၊ နှစ်ဘက်မှအဆိုပြုသော အများယုံကြည်လေးစားသည့် အရပ်သားကိုယ်စားလှယ်(၃)ဦးစီဖြင့်လည်းကောင်း စုစုပေါင်း(၂၆)ဦးဖြင့် ဖွဲ့စည်းသွားမည်။

(ခ) ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီကို အောက်ပါအတိုင်း တာဝန်ခွဲဝေဆောင်ရွက်သွားမည် –

(၁) ဥက္ကဋ္ဌ (အစိုးရ)
(၂) ဒုတိယ ဥက္ကဋ္ဌ (၁) (တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း)
(၃) ဒုတိယ ဥက္ကဋ္ဌ (၂) (အရပ်သား)
(၄) အဖွဲ့ဝင်များ
(၅) အတွင်းရေးမှူး (၁) (တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း)
(၆) အတွင်းရေးမှူး (၂) (အစိုးရ)

(ဂ) ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ၏ ကော်မတီအဖွဲ့ဝင် အရေအတွက်နှင့် ကော်မတီဝင်များကို ပြောင်းလဲတာဝန်ပေးအပ်လိုပါက တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး၏ အတည်ပြုချက်ရယူ၍ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

## ပြည်ထောင်စုအဆင့်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ၏လုပ်ငန်းတာဝန်

၅။ ပြည်ထောင်စုအဆင့်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) သည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) တွင် ဖော်ပြထားသည့် တပ်ပိုင်းဆိုင်ရာကိစ္စရပ်များကို ပူးတွဲညှိနှိုင်းအကောင်အထည်ဖော်ဆောင်ရန် တာဝန်ရှိသည်။ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းနှင့် စစ်ဘက်ဆိုင်ရာကျင့်ဝတ်များတွင် ဖော်ပြထားသောသဘောတူညီချက်များသည် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲ စောင့်ကြည့်ရေးကော်မတီ (JMC) နှင့် သက်ဆိုင်သောအချက်များဖြစ်သည်။ ယင်းအချက်များကို အကောင်အထည်ဖော်မှုနှင့် ချိုးဖောက်မှုများကို စောင့်ကြည့်စိစစ်ရန်အတွက f JMC-U ၌ အဓိကတာဝန်ရှိသည်။

၆။ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာအကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် စောင့်ကြည့်မှုလုပ်ငန်းစဉ်များကို တာဝန်ခံ ဆောင်ရွက်ရန်နှင့် လိုအပ်ပါက တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးသို့ တင်ပြရမည်။

၇။ လူလုပ်နှင့်သဘာဝဘေးအန္တရာယ်များကြောင့် ပြည်တွင်းနေရပ်စွန့်ခွာ တိမ်းရှောင်သူများ (IDPS) နှင့် ပဋိပက္ခ ဒဏ်ခံစားရသူများအား လူသားချင်းစာနာသည့် အခြေခံအထောက်အပံ့များပေးအပ်မှုကို ညှိနှိုင်းဆောင်ရွက်ရမည်။

၈။ နှစ်ဖက်သဘောတူထားသည့် တပ်နေရာပြန်လည်ချထားရေးအစီအစဉ် လက်တွေ့အကောင်အထည် ဖော် ဆောင်ရွက်မှုကို စောင့်ကြည့်လေ့လာရမည်။

၉။ တစ်နိုင်ငံလုံးအတိုင်းအတာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအခြေအနေ၊ ဤသဘောတူစာချုပ်၏ တပ်ပိုင်းဆိုင်ရာ ကိစ္စများ၊ စစ်ဘက်ဆိုင်ရာကျင့်ဝတ်များနှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများအား ထိန်းသိမ်းလိုက်နာခြင်းနှင့် ပတ်သက်၍ စောင့်ကြည့်လေ့လာခြင်း၊ ပေါ်ပေါက်လာသော အငြင်းပွားမှုများအား ဖြေရှင်းခြင်းတို့ကို ဆောင်ရွက်ရမည်။

၁၀။ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီသည် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်ဆောင်မှုဆိုင်ရာ ညှိနှိုင်း အစည်းအဝေး(JICM) မှ လိုအပ်ချက်အရ အချက်အလက်များတောင်းဆိုလာလျှင် ပြန်လည် ဖြေကြားပေးရမည်။

၁၁။ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးပူးတွဲစောင့်ကြည့်ရေးလုပ်ငန်းစဉ်ဆိုင်ရာ ယန္တရားတစ်ခုလုံးကို စီမံခန့်ခွဲ ရန်အတွက် လိုအပ်သောငွေသုံးစွဲမှုနှင့် လုပ်ငန်းဆောင်ရွက်ချက်များကို (၆)လတစ်ကြိမ် အစီရင် ခံစာ ပြုစုပြီး အနီးစပ်ဆုံးပြုလုပ်သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး(JICM) သို့ အစီရင်ခံတင်ပြသွားရန်နှင့် အကောင်အထည်ဖော်မှုဆိုင်ရာ တိုးတက်ဖြစ်ထွန်းမှုအား ပြည်သူလူထု၊ သက်ဆိုင်ရာ အဖွဲ့အစည်း များအားလုံးနှင့် နိုင်ငံတကာသို့ထုတ်ပြန်အသိပေးသွားရမည်။

၁၂။ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီမှ ဖြေရှင်း နိုင်ခြင်းမရှိသော ကိစ္စရပ်များကို တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးသို့ တင်ပြရမည်။

၁၃။ အလွန်အမင်းစိုးရိမ်ရသည့် ချိုးဖောက်မှုဖြစ်ပေါ်လာပါက ပြည်ထောင်စုအဆင့် ပူးတွဲစောင့်ကြည့်ရေး ကော်မတီမှ စိစစ်အတည်ပြုရေးကို ဆောင်ရွက်ရမည်။ စုံစမ်းတွေ့ရှိချက်ကို သက်ဆိုင်ရာအဖွဲ့အစည်း ထံသို့ ပေးပို့၍ ၎င်းတို့၏ သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းဥပဒေများနှင့်အညီ ဆက်လက် အရေးယူဆောင်ရွက်ရမည်။

## ပြည်ထောင်စုအဆင့်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ၏ လုပ်ပိုင်ခွင့်များ

၁၄။ အကောင်အထည်ဖော်ဆောင်မှုဆိုင်ရာညှိနှိုင်းအစည်းအဝေးမှ အတည်ပြုထားသော ပူးတွဲစောင့်ကြည့် ရေးကော်မတီအဆင့်ဆင့်၏ ဖွဲ့စည်းပုံ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ လုပ်ငန်းဆိုင်ရာအခြေအနေများနှင့် ကွဲလွဲခြင်းမရှိစေဘဲ ပြည်ထောင်စုအဆင့်ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီသည် တိုင်းဒေသကြီး/ ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ

ပူးတွဲစောင့်ကြည့်ရေးကော်မတီ [State Level Joint Ceasefire Monitoring Committee (JMC-S)] ၏ ဖွဲ့စည်းပုံ၊ လုပ်ငန်းလမ်းညွှန်နှင့် အကောင်အထည်ဖော်ဆောင်မည့် နယ်နိမိတ်ကို သတ်မှတ်အတည်ပြုပေးရမည်ဖြစ်သည်။

၁၅။ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီမှ လိုအပ်ချက်အရ တင်ပြလာသော ဒေသဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှု ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-L) များကို စိစစ်အတည်ပြု ပေးရမည်။

၁၆။ လက်မှတ်ရေးထိုးထားသော နစ်ဖက်အဖွဲ့အစည်းများမှ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ပါ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) နှင့် သက်ဆိုင်သောအချက်များကို ချိုးဖောက်မှုများဖြစ်ပေါ်လာပါက တိုင်းဒေသကြီး /ပြည်နယ်အဆင့်များမှ မဆုံးဖြတ်နိုင်သည့်ကိစ္စရပ်များ တင်ပြလာလျှင် ညှိနှိုင်းဖြေရှင်းပေးရမည်။

၁၇။ နှစ်ဖက်တိုက်ရိုက်ထိတွေ့ရင်ဆိုင်မှုရှိသောနေရာများတွင် ထိတွေ့ပစ်ခတ်မှုမရှိစေရေးအတွက် တပ်စခန်းများ၏ အရေအတွက်ကို ညှိနှိုင်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး/ ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှု ပူးတွဲစောင့်ကြည့်ရေးကော်မတီ၏ အစီရင်ခံစာနှင့် တင်ပြချက်များကို အခြေခံပြီး ဆုံးဖြတ်ချက်များ ချမှတ်ပေးရမည်။

၁၈။ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီသည် လိုအပ်လာပါက စိစစ်အတည်ပြုရေးအဖွဲ့ကို ဖွဲ့စည်းပြီး သင့်လျော်သည့် လုပ်ငန်းလမ်းညွှန်များကို ရေးဆွဲချမှတ်၍ သက်ဆိုင်ရာဒေသသို့ စေလွှတ်အကောင်အထည်ဖော် ဆောင်ရွက်စေရမည်။

၁၉။ ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများ (IDPs) နှင့် ပဋိပက္ခဒဏ်ခံစားရသူများအတွက် လူသားချင်းစာနာမှု ဆိုင်ရာအကူအညီများပေးခြင်းနှင့် စပ်လျဉ်းပြီး NGO နှင့် INGO အဖွဲ့အစည်းများ၏ အကူအညီထောက်ပံ့မှုများအား နိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်ဖြင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာအစိုးရဌာနများ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများအကြား ညှိနှိုင်းဆောင်ရွက်ပေးရမည်။

၂၀။ ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများ (IDPs) အား ၎င်းတို့၏ဆန္ဒအတိုင်း မူလဒေသများသို့ ပြန်လည်နေထိုင်ခြင်းကို ဦးစားပေးဆောင်ရွက်ရန် သော်လည်းကောင်း၊ သင့်လျော်ရာနေရာတွင် ရွာသစ် တည်ထောင်ပေးစေလိုလျှင် သော်လည်းကောင်း၊ ဘေးကင်းလုံခြုံ၍ လူ့ဂုဏ်သိက္ခာနှင့်အညီဖြစ်စေရန် ညှိနှိုင်းဆောင်ရွက်ပေးရမည်။

၂၁။ ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများ (IDPs) နှင့် ပြည်တွင်းသို့ပြည်လည်ဝင်ရောက်လာသည့် ဒုက္ခသည်များ အား စိစစ်၍ ပြန်လည်နေရာချထားရေးလုပ်ငန်းများကို ပူးတွဲညှိနှိုင်းဆောင်ရွက်ပေးရမည်။

၂၂။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အခန်း(၄)၊ အပိုဒ်(၁၃)၊ အပိုဒ်ခွဲ (ဂ) အရ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီအဆင့်ဆင့်သည် နှစ်ဖက်သဘောတူထားသည့်တပ်နေရာ ပြန်လည်ချထားရေးအစီအစဉ်အား လက်တွေ့အကောင်အထည်ဖော်

ဆောင်ရွက်မှုကို စောင့်ကြည့်လေ့လာရမည်။

၂၃။ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီသည် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အတွင်း မည်သည့်ဒေသတွင်မဆို ကော်မတီဝင်များ၏ သဘောတူညီချက်ဖြင့် တွေ့ဆုံဆွေးနွေး အစည်းအဝေးပြုလုပ်ခွင့်ရှိစေရမည်။

၂၄။ စိစစ်အတည်ပြုရေးအဖွဲ့များ၏ အကောင်အထည်ဖော်ဆောင်မှုအတွက် မည်သည့်အဖွဲ့အစည်း ဘက်ကမှ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း တားမြစ်ခြင်း၊ နှောင့်နှေး စေခြင်း၊ ကန့်သတ်ခြင်း စသည့်အပြုအမူများ မရှိစေရန် ဆောင်ရွက်ပေးရမည်။

၂၅။ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီသည် တိုင်းဒေသကြီး/ ပြည်နယ်အဆင့်နှင့် ဒေသဆိုင်ရာအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲ စောင့်ကြည့်ရေးကော်မတီများမှ တင်သွင်းလာသည့် ခန့်မှန်းကုန်ကျငွေကို စိစစ်အတည်ပြု ပေးရမည်။

၂၆။ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီသည် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲအကောင်အထည်ဖော်မည့် လုပ်ငန်းစဉ်များအတွက် လိုအပ်မည့် ခန့်မှန်းကုန်ကျငွေများကို အတည်ပြုပြီး အစိုးရ၊ သက်ဆိုင်ရာအထောက်အပံ့ပေးမည် အလှူရှင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းရယူဆောင်ရွက်သွားရမည်။

၂၇။ နိုင်ငံတကာမှ ကျွမ်းကျင်ပညာရှင်များအား နည်းပညာအထောက်အကူပြုအကြံပေးနှင့် လေ့လာသူများ အဖြစ် ခေါ်ယူမည်ဆိုပါက ခေါ်ယူမည့်သူများ၏ အရည်အချင်းကို နှစ်ဘက်ညှိနှိုင်း၍ ကြိုတင် သတ်မှတ်ပြီး သင့်လျော်သော အရေအတွက်ကို လိုအပ်သလိုဖိတ်ခေါ်ဆောင်ရွက်နိုင်သည်။ တိုင်း ဒေသကြီး/ ပြည်နယ်အဆင့်နှင့် ဒေသဆိုင်ရာအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲ စောင့်ကြည့်ရေးကော်မတီများမှ လိုအပ်ချက်အရ နိုင်ငံတကာမှ ကျွမ်းကျင်ပညာရှင်များအား နည်း ပညာ အထောက်အကူပြုအကြံပေးနှင့် လေ့လာသူများအဖြစ် တောင်းခံလာပါက ပြည်ထောင်စု အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ၏ စိစစ်အတည်ပြုချက်ဖြင့် စေလွှတ်နိုင်သည်။

## ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ အစည်းအဝေး ပြုလုပ် ခြင်းနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်း

၂၈။ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ၏ ပုံမှန်အစည်းအဝေးအား (၂)လတစ်ကြိမ် ကျင်းပပြုလုပ်ရန်နှင့် လုပ်ငန်းလိုအပ်ချက်အရ အရေးပေါ် အစည်းအဝေးအားခေါ်ယူရမည်။

၂၉။ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ ပုံမှန်

အစည်းအဝေးသို့ အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ကိုယ်စားလှယ်(၇) ဦးစီ၊ အရပ်သားကိုယ်စားလှယ်တစ်ဦးစီ တက်ရောက်လျှင် အစည်းအဝေး အထမြောက်သည်။ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ အရေးပေါ် အစည်းအဝေးသို့ အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ကိုယ်စားလှယ် (၇) ဦးစီ တက်ရောက်လျှင် အစည်းအဝေး အထမြောက်သည်။

၃၀။ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီသည် လုပ်ငန်းအကောင် အထည်ဖော်ရန်အတွက် ဆုံးဖြတ်ချက်ချရာတွင် လုံလောက်သော စုပေါင်းသဘောထားပုံစံ (Sufficient Consensus) ဖြင့် ဆုံးဖြတ်စေရမည်။ လုံလောက်သော စုပေါင်းသဘောထားပုံစံ ဆိုသည်မှာ အနည်းဆုံးအနေဖြင့် အစိုးရ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းနှင့် အရပ်သား ကိုယ်စားလှယ်အစုအဖွဲ့တိုင်းမှ အစည်းအဝေးတက်ရောက်သူအများစု၏ သဘောတူညီမှုကို ဆိုလိုသည်။ အရပ်သားအစုအဖွဲ့၏ ဆုံးဖြတ်ချက်ချနိုင်ခွင့်ရှိရန်အတွက် အနည်းဆုံး အရပ်သားကိုယ်စားလှယ် (၄)ဦး အစည်းအဝေးတက်ရောက်ရမည်။

## သတင်းအချက်အလက်ထိန်းသိမ်းခြင်းနှင့် ထုတ်ပြန်ခြင်း

၃၁။ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီတစ်ခုလုံး၏ ဖွဲ့စည်းပုံတွင် ပါဝင်သော ကော်မတီဝင်များနှင့် အလုပ်အဖွဲ့ဝင်များသည် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့် ကြည့်ရေးကော်မတီ၏ ခွင့်ပြုချက်မရဘဲ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ လုပ်ငန်းမှ ရရှိလာသော သတင်းအချက်အလက်များကို ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီနှင့် မသက်ဆိုင်သော အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်တို့အား ဖြန့်ဝေခြင်း၊ ဝေမျှခြင်းမပြုရ။

၃၂။ ပူးတွဲစောင့်ကြည့်ရေးကော်မတီအဆင့်ဆင့်ရှိ အချက်အလက်စာရွက်စာတမ်းများကို လုပ်ငန်းသဘောအရ လုံခြုံမှု အဆင့်အတန်းများ ထားရှိမည်ဖြစ်ပြီး ထိုလုံခြုံမှုအဆင့်အတန်းစည်းကမ်းများကို ပူးတွဲစောင့်ကြည့်ရေးကော်မတီ အဆင့်ဆင့်တွင် ပါဝင်သူအားလုံး လိုက်နာရမည်။

၃၃။ ပူးတွဲစောင့်ကြည့်ရေးကော်မတီအဆင့်ဆင့်တွင် တာဝန်ပေးထားသော ပြောရေးဆိုခွင့်ရှိသူများကသာ ပူးတွဲစောင့် ကြည့်ရေးကော်မတီအဆင့်ဆင့်၏ ဆောင်ရွက်ချက်များကို မီဒီယာနှင့်ပြည်သူလူထုသို့ သတင်းထုတ်ပြန်နိုင်သည်။

## အထွေထွေ

၃၄။ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ၏

သက်တမ်းသည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်မှု ဆိုင်ရာညှိနှိုင်းအစည်းအဝေးမှ သတ်မှတ်သည့်အတိုင်း ဖြစ်သည်။

၃၅။ JIC-U သည် ဖွဲ့စည်းတည်ထောင်ပြီးနောက် (၆)လအတွင်း လုပ်ငန်းဆောင်ရွက်မှုနှင့် ဖွဲ့စည်းပုံအား ပြန်လည်သုံးသပ်ပြီး နှစ်စဉ်ပုံမှန်ပြန်လည်သုံးသပ်ရမည်။

၃၆။ ဤလုပ်ငန်းလမ်းညွှန်ကို JMC-U အစည်းအဝေးတွင် အထက်ပါအပိုဒ် (၃၀) နှင့်အညီ အစည်းအဝေး ဆုံးဖြတ်ချက်များချမှတ်၍ ပြင်ဆင်ဖြည့်စွက်နိုင်သည်။

# အခန်း(၄)
# တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ ဖွဲ့စည်းပုံ

၃၇။ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (State Level Joint Ceasefire Committee) ကို JMC-U မှ အောက်ပါအတိုင်းဖွဲ့စည်းပေးရမည် –

(က) တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီကို အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် နှစ်ဘက်လက်ခံသော အများယုံကြည်လေးစားရသည့် အရပ်သားကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းမည်။ ထိုသို့ဖွဲ့စည်းရာတွင် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ကိုယ်စားလှယ် (၅)ဦးစီဖြင့် လည်းကောင်း၊ နှစ်ဘက်မှအဆိုပြုသော အများယုံကြည်လေးစား သည့် အရပ်သားကိုယ်စားလှယ် (၂)ဦးစီဖြင့်လည်းကောင်း စုစုပေါင်း (၁၄)ဦးဖြင့် ဖွဲ့စည်းထား မည်။

(ခ) တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီကို အောက်ပါအတိုင်း တာဝန်ခွဲဝေဆောင်ရွက်မည် –

(၁) ဥက္ကဋ္ဌ (အစိုးရ)
(သတ်မှတ် (Focal) တိုင်းမှူး)

(၂) ဒုဥက္ကဋ္ဌ (၁) (တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ)
(ဗဟိုမှ တာဝန်ပေးအပ်ထားသော တပ်မဟာမှူး/ စစ်ဒေသမှူး)

(၃) ဒုဥက္ကဋ္ဌ (၂) (အရပ်သား)

(၄) အဖွဲ့ဝင်များ

(ကက) လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး

(ခခ) တိုင်းဒေသကြီး/ပြည်နယ်အထွေထွေအုပ်ချုပ်ရေးမှူး

(ဂဂ) တိုင်းဒေသကြီး/ပြည်နယ်ရဲတပ်ဖွဲ့မှူး

(ဃဃ) (တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ)

(စစ) (တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ)

(ဆဆ) အရပ်သား(၃)ဦး

(၅) အတွင်းရေးမှူး (၁) (တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ) ဗဟိုမှ တာဝန်ပေးသူတစ်ဦး

(၆) အတွင်းရေးမှူး (၂) (အစိုးရ) စစ်ဦးစီးမှူး (ပထမတန်း)

(ဂ) ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးလုပ်ငန်းစဉ်များကို လက်တွေ့ကျကျ အကောင်အထည် ဖော်ဆောင်နိုင်ရန် တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ၏ ကော်မတီအဖွဲ့ဝင် အရေအတွက်၊ ကော်မတီဝင်များ၊ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များကို သက်ဆိုင်ရာနယ်မြေဒေသ အခြေအနေအရ ပြောင်းလဲတာဝန်ပေးအပ်လိုပါက နှစ်ဘက်သဘောတူညီချက်ဖြင့် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီမှ အတည်ပြုချက်ရယူကာ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

(ဃ) တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ အစည်းအဝေးများတွင် သတ်မှတ်တာဝန်ခံ (Focal Point) အဖြစ် ထားရှိသော တိုင်းမှူးနှင့် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးများအပြင် လိုအပ်ပါက သက်ဆိုင်ရာ တပ်မှူးများကို ဖိတ်ကြား၍ ပူးပေါင်းဖြေရှင်းဆောင်ရွက်ရမည်။

(င) တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရစ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီတွင် အရပ်သားကိုယ်စားလှယ်များအဖြစ် အမျိုးသမီးများပါဝင်နိုင်ရန် နှစ်ဘက်မှ အတတ်နိုင်ဆုံးကြိုးပမ်းရမည်။

## တိုင်းဒေသကြီး/ပြည်နယ်အဆင့်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ၏ လုပ်ငန်းတာဝန်

၃၈။ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီသည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်တွင် ဖော်ပြထားသည့် တစ်နိုင်ငံလုံးအတိုင်းအတာ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးအခြေအနေ၊ တပ်ပိုင်းဆိုင်ရာကိစ္စရပ်များ၊ စစ်ဘက်ဆိုင်ရာကျင့်ဝတ်များနှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ စည်းကမ်းများအား ထိန်းသိမ်းလိုက်နာခြင်းနှင့် ပတ်သက်၍ တိုင်းဒေသကြီး/ပြည်နယ်အဆင့်တွင် ပူးတွဲစောင့်ကြည့်လေ့လာရန်၊ ပေါ်ပေါက်လာသော အငြင်းပွားမှုများအား စိစစ်ရန်နှင့် ပူးတွဲညှိနှိုင်းဖြေရှင်းရန်၊ အကောင်အထည် ဖော်ဆောင်ရန် တာဝန်ရှိသည်။

၃၉။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အခန်း(၄)၊ အပိုဒ်(၁၃)၊ အပိုဒ်(ဂ)အရ နှစ်ဖက်သဘောတူထားသည့် တပ်နေရာပြန်လည်ချထားရေးအစီအစဉ် လက်တွေ့အကောင်အထည် ဖော် ဆောင်ရွက်မှုကို စောင့်ကြည့်လေ့လာရမည်။

၄၀။ (အပိုဒ် ၃၈နှင့် အဓိပ္ပာယ်တူဖြစ်သည်။)

၄၁။ နှစ်ဖက်တပ်အချင်းချင်းကြား နားလည်မှုလွဲမှားပြီးဖြစ်ပွားသော အငြင်းပွားမှုများ ရှိပါက သက်ဆိုင် ရာပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီနှင့် အမြန်ဆုံးတွေ့ဆုံပြီး ဆွေးနွေးအဖြေရှာခြင်းနည်းလမ်းကို အသုံးပြုဖြေရှင်းသွားရမည်။

၄၂။ ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများ (IDPs) နှင့် ပဋိပက္ခဒဏ်ခံစားရသူများအတွက် လူသားချင်း စာနာမှု ဆိုင်ရာအကူအညီများပေးခြင်းနှင့် မိုင်းရှင်းလင်းရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်းပြီး NGO နှင့် INGO အဖွဲ့အစည်းများ၏ ကူညီထောက်ပံ့မှုများအား နိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်ဖြင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာအစိုးရဌာနများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဒေသခံကူညီထောက်ပံ့မှုခံစားရမည့်သူများအကြား ညှိနှိုင်းဆောင် ရွက်ပေးရမည်။

၄၃။ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မ တီသည် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီမှ အခါအားလျော်စွာ ညွှန်ကြားသည့် ပူးတွဲစောင့်ကြည့်ရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

၄၄။ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မ တီသည် ဒေသဆိုင်ရာအဆင့်ပစ်ခတ်တိုက်ခတ်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ လုပ်ငန်းစဉ်များအား လမ်းညွှန်မှုပေးရန်၊ ဒေသဆိုင်ရာအဆင့်ကော်မတီမှ မဆုံးဖြတ်နိုင်သော ကိစ္စရပ် များကို ဖြေရှင်းရန်တာဝန်ရှိသည်။

၄၅။ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မ တီသည် ပြည်တောင်စုအဆင့်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ မှလိုအပ်ချက်အရ တောင်းဆိုလာလျှင် ပြန်လည်တောင်းဆိုလာလျှင် ပြန်လည်ဖြေကြားခြင်း၊ အစီရင်ခံခြင်းများ ဆောင်ရွက်ရမည်။

၄၆။ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးလုပ်ငန်းစဉ် ဆိုင်ရာ ယန္တရားကို စီမံခန့်ခွဲရန်အတွက် လိုအပ်သောဘဏ္ဍာငွေသုံးစွဲမှုနှင့် လုပ်ငန်းဆောင်ရွက်ချက် များကို (၂)လတစ်ကြိမ် အစီအရင်ခံစာပြုစုပြီး အနီးစပ်ဆုံးပြုလုပ်သည့် ပြည်ထောင်စုအဆင့် ပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ အစည်းအဝေးသို့ အစီရင်ခံ တင်ပြသွား ရမည်။

၄၇။ ပြည်ထောင်စုအဆင့်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီမှ တာဝန် ပေးအပ်ထားသော ပြောရေးဆိုခွင့်ရှိသူမှသာ သတင်းထုတ်ပြန်ခွင့်ရှိသည်။

## တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ၏ လုပ်ပိုင်ခွင့်များ

၄၈။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးမှ အတည်ပြုထားသော ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီအဆင့်ဆင့်၏ ဖွဲ့စည်းပုံ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ လုပ်ငန်းဆိုင်ရာအခြေခံမှုများနှင့် ကွဲလွဲခြင်း မရှိစေဘဲ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီသည် ဒေသဆိုင်ရာအဆင့် ပစ်ခတ်တိုက်ခိုက်မှုပူးတွဲစောင့်ကြည့်ရေးကော်မတီ [Local Level Joint Ceasefire Monitoring Committee (JMC-L)] ၏ အကောင်အထည်ဖော်ဆောင်မည့် နယ်နိမိတ်ကို ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ သို့ တင်ပြအတည်ပြုချက်ရယူကာ သတ်မှတ်ပေးရမည်။

၄၉။ လက်မှတ်ရေးထိုးထားသော နစ်ဖက်အဖွဲ့အစည်းများမှ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ပါ ပူးတွဲစောင့်ကြည့်ရေးကော်မတီနှင့် သက်ဆိုင်သောအချက်များကို ချိုးဖောက်မှု များ ဖြစ်ပေါ်လာပါက တိုင်းဒေသကြီး/ ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲ စောင့်ကြည့်ရေးကော်မတီမှ အတတ်နိုင်ဆုံး ညှိနှိုင်းဖြေရှင်းရန်နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီမှ မဆုံးဖြတ်နိုင်သည့် ကိစ္စရပ် များ ပေါ်ပေါက်လာပါက ပြည်ထောင်စုအဆင့်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့် ရေး ကော်မတီသို့ တင်ပြဆောင်ရွက်ရမည်။

၅၀။ နစ်ဖက်တိုက်ရိုက်ထိတွေ့ရင်ဆိုင်မှုရှိသောနေရာများတွင် ထိတွေ့ပစ်ခတ်မှုမရှိစေရေးအတွက် တပ်စခန်းများ၏ အရေအတွက် ညှိနှိုင်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီသို့ အစီရင်ခံစာများ ရေးသား တင်ပြရမည်။

၅၁။ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ (JMC-S) တွင် ပါဝင်သော အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ Focal Point များကို အခြေခံပြီး တိုင်းဒေသကြီး/ ပြည်နယ်အဆင့်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီတစ်ခုစီတွင် စိစစ်အတည်ပြုရေးအဖွဲ့များကို လိုအပ်သလို ဖွဲ့စည်းကာ သင့်လျော်သည့် လုပ်ငန်းလမ်းညွှန်များကို ရေးဆွဲချမှတ်၍ သက်ဆိုင်ရာဒေသသို့ စေလွှတ် အကောင်အထည်ဖော် ဆောင်ရွက်စေရမည်။ စိစစ်အတည်ပြုရေးအဖွဲ့များသည် ကနဦး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီယန္တရားအဖြစ် တာဝန်ယူ အကောင်အထည်ဖော်သွားရမည်။

၅၂။ (အပိုဒ် ၆၉ တွင်ပါပြီးဖြစ်သည်။)

၅၃။ ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများ (IDPs) နှင့် ပြည်တွင်းသို့ပြန်လည်ဝင်ရောက်လာသည့် ဒုက္ခသည်များအား ပြန်လည်နေရာချထားရေးဆောင်ရွက်ရာတွင် ဘေးကင်းလုံခြုံ၍ လူ့ဂုဏ်သိက္ခာနှင့်အညီဖြစ်စေရန် ပူးတွဲညှိနှိုင်းဆောင်ရွက်ပေးရမည်။

၅၄။ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီသည် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များအတွင်း မည်သည့်ဒေသမဆို ကော်မတီဝင်များ၏ သဘောတူညီချက်ဖြင့် အစည်းအဝေးများ ပြုလုပ်ခွင့်ရှိသည်။

၅၅။ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ စိစစ်အတည်ပြုရေးအဖွဲ့များ၏ အကောင်အထည်ဖော်ဆောင်မှုအတွက် မည်သည့်အဖွဲ့အစည်းဖက်ကမှ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍လည်းကောင်း တားမြစ်ခြင်း၊ နှောင့်နှေးစေခြင်း၊ ကန့်သတ်ခြင်းစသည့် အပြုအမူများ မရှိစေရန်ဆောင်ရွက်ပေးရမည်။

၅၆။ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ပူးတွဲစောင့်ကြည့်ရေးကော်မတီနှင့် ဒေသဆိုင်ရာ အဆင့်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီတို့၏ နှစ်စဉ်ခန့်မှန်းအသုံးစရိတ်ကို စိစစ်တွက် ချက်ပြီး ပြည်ထောင်စုအဆင့်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီသို့ တင်ပြတောင်းခံရမည်။

၅၇။ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီတွင် လုပ်ငန်းလိုအပ်ချက်အရ နှစ်ဖက်လက်ခံနိုင်သော နိုင်ငံတကာကျွမ်းကျင်ပညာရှင်များကို နည်းပညာ အကြံပေးအထောက်အကူများအဖြစ် နိုင်ငံတော်အချုပ်အခြာအာဏာကို ထိခိုက်ခြင်းသော်လည်းကောင်း၊ NCA အကောင်အထည်ဖော်ဆောင်မှုကို ထိခိုက်ခြင်းသော်လည်းကောင်း မရှိစေပဲ JMC-U သို့ တင်ပြတောင်းခံနိုင်သည်။

## အစည်းအဝေးပြုလုပ်ခြင်းနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်း

၅၈။ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ၏ ပုံမှန် အစည်းအဝေးအား (၁)လတစ်ကြိမ် ကျင်းပပြုလုပ်ရန်နှင့် လုပ်ငန်းလိုအပ်ချက်အရ အရေးပေါ်အစည်းအဝေးအား ခေါ်ယူရမည်။

၅၉။ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ ပုံမှန်အစည်းအဝေးသို့ အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ကိုယ်စားလှယ် (၃)ဦးစီ၊ အရပ်သားကိုယ်စားလှယ် တစ်ဦးစီ တက်ရောက်လျှင် အစည်းအဝေးအထမြောက်သည်။ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ အရေးပေါ်အစည်းအဝေးသို့ အစိုးရမှ (၂)ဦး၊ သက်ဆိုင်ရာတိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ကိုယ်စားလှယ်တစ်ဦးနှင့် ပြည်နယ်အဆင့်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီမှ တိုင်းရင်းသားအစုအဖွဲ့၏အဖွဲ့ဝင်တစ်ဦး၊ စုစုပေါင်း (၂)ဦး တက်ရောက်

လျှင် အစည်းအဝေးအထမြောက်သည်။

၆၀။ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ ပုံမှန်အစည်းအဝေးသည် လုပ်ငန်းအကောင်အထည်ဖော်ရန်အတွက် ဆုံးဖြတ်ချက်ချရာတွင် လုံလောက်သော စုပေါင်းသဘောထားပုံစံ (Sufficient Consensus) ဖြင့် ဆုံးဖြတ်စေရမည်။ လုံလောက်သော စုပေါင်းသဘောထားပုံစံဆိုသည်မှာ အနည်းဆုံးအနေဖြင့် အစိုးရ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းနှင့် အရပ်သားကိုယ်စားလှယ်အစုအဖွဲ့တိုင်းမှ အစည်းအဝေး တက်ရောက်သူ အများစု၏ သဘောတူညီမှုကို ဆိုလိုသည်။ အရပ်သားအစုအဖွဲ့၏ ဆုံးဖြတ်ချက်ချနိုင်ခွင့်ရှိရန် အတွက် အနည်းဆုံး အရပ်သားကိုယ်စားလှယ် (၃)ဦး အစည်းအဝေးတက်ရောက်ရမည်။

၆၁။ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ ပုံမှန်အစည်းအဝေး၏ သက်တမ်းသည် ပြည်ထောင်စုအဆင့်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီမှ သတ်မှတ်သည့်အတိုင်း ဖြစ်သည်။

၆၂။ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီသည် ဖွဲ့စည်း တည်ထောင်ပြီးနောက် (၃)လအတွင်း နှစ်စဉ်ပုံမှန်ပြန်လည်သုံးသပ်ရမည်။

၆၃။ ဤလုပ်ငန်းလမ်းညွှန်ကို တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီအစည်းဝေးတွင် အထက်ပါအပိုဒ် (၆၀)နှင့်အညီ အစည်းအဝေး ဆုံးဖြတ်ချက်များချမှတ်၍ ပြင်ဆင်ဖြည့်စွက်နိုင်သည်။

# အခန်း(၅)
# ဒေသဆိုင်ရာအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ

## ဖွဲ့စည်းပုံ

၆၄။ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-S) ကို အထောက်အကူပြုရန် ဒေသဆိုင်ရာအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ [Local Level Joint Ceasefire Monitoring Committee (JMC-L)] ကို အောက်ပါအတိုင်းဖွဲ့စည်းပေးရမည် –

(က) ဒေသဆိုင်ရာအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီကို အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် နှစ်ဖက်

လက်ခံသော အများယုံကြည်လေးစားရသည့် အရပ်သားကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းမည်။ ထိုသို့ ဖွဲ့စည်းရာတွင် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများဘက်မှ ကိုယ်စားလှယ် (၃)ဦးစီဖြင့်လည်းကောင်း၊ နှစ်ဖက်မှ အသိအမှတ်ပြုသော အများယုံကြည်လေးစားသည့် အရပ်သားကိုယ်စားလှယ်တစ်ဦးစီဖြင့်လည်းကောင်း စုစုပေါင်း (၈)ဦးဖြင့် ဖွဲ့စည်းသွားမည်။

(ခ) ဒေသဆိုင်ရာအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီကို အောက်ပါအတိုင်းတာဝန်ခွဲဝေ ဆောင်ရွက်သွားမည် –

(၁) ဥက္ကဋ္ဌ (အစိုးရ)

တပ်မတော်မှ ကိုယ်စားလှယ်တစ်ဦး

(၂) ဒုတိယ ဥက္ကဋ္ဌ (၁) (တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း)

(၃) ဒုတိယ ဥက္ကဋ္ဌ (၂) (အရပ်သား)

(၄) အဖွဲ့ဝင် (အစိုးရ)

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး

(၅) အဖွဲ့ဝင် (တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း)

(၆) အဖွဲ့ဝင် (အရပ်သား)

(၇) အတွင်းရေးမှူး (၁) (တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း)

(၈) အတွင်းရေးမှူး (၂) (အစိုးရ)

တပ်မတော်မှ ကိုယ်စားလှယ်တစ်ဦး

(ဂ) ဒေသဆိုင်ရာအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ၏ ဖွဲ့စည်းမှုကို သက်ဆိုင်ရာနယ်မြေဒေသအခြေအနေအရ ပြောင်းလဲတာဝန်ပေးအပ်လိုပါက နှစ်ဘက်သဘောတူညီချက်ဖြင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ၏အတည်ပြုချက်ရယူကာ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

(ဃ) ဒေသဆိုင်ရာအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲ ရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ အစည်းအဝေးတွင် လိုအပ်ပါက နှစ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများကို ဖိတ်ကြားပူးပေါင်း ဖြေရှင်းဆောင်ရွက်နိုင်သည်။

(င) ဒေသဆိုင်ရာအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီတွင် အရပ်သားကိုယ်စားလှယ်များအဖြစ် အမျိုးသမီးများပါဝင်နိုင်ရန် နှစ်ဖက်မှအတတ်နိုင်ဆုံး ကြိုးပမ်းရမည်။

## ဒေသဆိုင်ရာအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များ

၆၅။ ဒေသဆိုင်ရာအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီသည် စောင့်ကြည့်ခြင်း၊ စိစစ်ခြင်းနှင့် အငြင်းပွားမှုများအား ညှိနှိုင်းဖြေရှင်းခြင်း လုပ်ငန်းများအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်အဆင့် ကော်မတီ၏ လုပ်ငန်းတာဝန်များကို ကူညီပံ့ပိုးခြင်းများ လုပ်ဆောင်ရမည်။

၆၆။ ဒေသအဆင့်တွင် မဆုံးဖြတ်နိုင်သည့်ကိစ္စရပ်များ ပေါ်ပေါက်လာပါက တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီသို့ အချိန်နှင့်တစ်ပြေးညီ တင်ပြရမည်။

၆၇။ ဒေသဆိုင်ရာအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီသည် လစဉ်လုပ်ငန်း ဆောင်ရွက်ချက်များနှင့် ဘဏ္ဍာငွေသုံးစွဲမှုများအား တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီသို့ အစီရင်ခံတင်ပြရမည်။

၆၈။ ဒေသဆိုင်ရာအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီသည် ကော်မတီအဆင့်ဆင့်မှ လိုအပ်ချက်အရတောင်းဆိုသည့် အချက်အလက်များကို အစီရင်ခံတင်ပြ ရမည်။

၆၉။ ဒေသဆိုင်ရာအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီသည် ရပ်ကွက်/ကျေးရွာ များတွင် စောင့်ကြည့်ရေးလုပ်ငန်းများဆောင်ရွက်မည့် နှစ်ဖက်လက်ခံသည့် ဒေသခံများကို လွတ်လပ်စွာရွေးချယ်ပြီး JMC-S သို့ အတည်ပြုတင်ပြရမည်။

၇၀။ စောင့်ကြည့်သူများအနေဖြင့် အငြင်းပွားမှုဆိုင်ရာတွေ့ရှိချက်များကို ဒေသဆိုင်ရာအဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီသို့ ပေးပို့ရမည်ဖြစ်ပြီး သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးအား မိတ္တူပေးပို့ရမည်။

## ဒေသဆိုင်ရာအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ၏ လုပ်ပိုင်ခွင့်များ

၇၁။ ဒေသဆိုင်ရာအဆင့် ပစ်ခတ်တိုက်ခိုက်မှု ပူးတွဲစောင့်ကြည့်ရေးကော်မတီ [Local Level Joint Ceasefire Monitoring Committee (JMC-L) ၏ ဖွဲ့စည်းပုံ၊ လုပ်ငန်းလမ်းညွှန်နှင့် အကောင်အထည် ဖော်ဆောင်မည့် နယ်နိမိတ်ကို ပြည်ထောင်စုအဆင့်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲ စောင့်ကြည့်ရေးကော်မတီသို့ တင်ပြ အတည်ပြုချက်ရယူကာ သတ်မှတ်ပေးရမည်။

၇၂။ ဒေသဆိုင်ရာအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီတစ်ခုစီ၏ စိစစ်အတည် ပြုရေးအဖွဲ့များကို လိုအပ်ပါက နှစ်ဘက်ညှိနှိုင်းဖွဲ့စည်းကာ သင့်လျော်သည့် လမ်းညွှန်ချက်များချမှတ်၍ သက်ဆိုင်ရာဒေသသို့ စေလွှတ်အကောင်အထည်ဖော်ဆောင်ရွက်စေရမည်။

၇၃။ ဝင်ရောက်လာသော ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများ (IDPs) အား ပြန်လည်နေရာချထားရေး ဆောင်ရွက်ရာတွင် JMC-S သို့ တင်ပြပြီး ဘေးကင်းလုံခြုံ၍ လူ့ဂုဏ်သိက္ခာနှင့်အညီဖြစ်စေရန် ညှိနှိုင်းဆောင်ရွက်ပေးရမည်။

၇၄။ ဒေသအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီသည် သက်ဆိုင်ရာ ဒေသအတွင်း ကော်မတီများ၏ သဘောတူညီချက်ဖြင့် အစည်းအဝေးများပြုလုပ်ခွင့်ရှိသည်။

၇၅။ ဒေသဆိုင်ရာအဆင့် ပစ်ခတ်တိုက်ခိုက်မှု ပူးတွဲစောင့်ကြည့်ရေးကော်မတီ စိစစ်အတည်ပြုရေး အဖွဲ့များ၏ အကောင်အထည်ဖော်ဆောင်မှုအတွက် မည်သည့်အဖွဲ့အစည်းဖက်ကမှ တိုက်ရိုက် သော်လည်းကောင်း၊ သွယ်ဝိုက်၍လည်းကောင်း တားမြစ်ခြင်း၊ နှောင့်နှေးစေခြင်း၊ ကန့်သတ်ခြင်းစသည့် အပြုအမူများမရှိစေရန် ဆောင်ရွက်ပေးရမည်။

## ဒေသဆိုင်ရာအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ အစည်းအဝေးပြုလုပ်ခြင်းနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်း

၇၆။ ဒေသဆိုင်ရာအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ၏ ပုံမှန်အစည်းအဝေးအား (၁)လတစ်ကြိမ် ကျင်းပပြုလုပ်ရန်နှင့် လုပ်ငန်းလိုအပ်ချက်အရ အရေးပေါ်အစည်းအဝေးအားခေါ်ယူရမည်။

၇၇။ ဒေသဆိုင်ရာအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ ပုံမှန်အစည်းအဝေးသို့ အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ကိုယ်စားလှယ် (၂)ဦးစီ၊ အရပ်သားကိုယ်စားလှယ်တစ်ဦး တက်ရောက်လျှင် အစည်းအဝေးအထမြောက်သည်။ ဒေသဆိုင်ရာအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ အရေးပေါ် အစည်းအဝေးသို့ အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ကိုယ်စားလှယ် (၂) ဦးစီ တက်ရောက်လျှင် အစည်းအဝေးအထမြောက်သည်။

၇၈။ ဒေသဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ၏ သက်တမ်းသည် ပြည်ထောင်စု အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီမှ သတ်မှတ်သည့်အတိုင်းဖြစ်သည်။

၇၉။ ဒေသဆိုင်ရာအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ၏ သက်တမ်းသည် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး

ကော်မတီမှ သတ်မှတ်သည့်အတိုင်းဖြစ်သည်။

၈၀။ ဒေသဆိုင်ရာအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီသည် ဖွဲ့စည်းတည်ထောင်ပြီးနောက် (၃)လအတွင်း လုပ်ငန်းဆောင်ရွက်မှုနှင့်ဖွဲ့စည်းပုံအား ပြန်လည်သုံးသပ်ပြီး နှစ်စဉ်ပုံမှန်ပြန်လည်သုံးသပ်ရမည်။

၈၁။ ဒေသဆိုင်ရာအဆင့် လုပ်ငန်းလမ်းညွှန်ကို ပြင်ဆင်ဖြည့်စွက်ရန်လိုအပ်ပါက သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီသို့ တင်ပြနိုင်သည်။

## အခန်း(၆)
## စိစစ်အတည်ပြုရေးအဖွဲ့များ

### ဖွဲ့စည်းပုံ

၈၂။ စိစစ်အတည်ပြုရေးအဖွဲ့ (Verification Team) များအား သက်ဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ အဆင့်ဆင့်မှ အောက်ပါအတိုင်း ဖွဲ့စည်းပေးရမည်။

(က) ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီနှင့် တိုင်းဒေသကြီး/ ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခတ်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီတို့တွင် စိစစ်အတည်ပြုရေးအဖွဲ့အား အစိုးရဖက်မှ (၂)ဦး၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းဖက်မှ (၂)ဦး၊ အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်းဖက်မှ အရပ်သားကိုယ်စားလှယ်တစ်ဦးစီဖြင့် စုစုပေါင်း(၆)ဦး ပါဝင် ဖွဲ့စည်းရမည်။ ဒေသဆိုင်ရာအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ၏ စိစစ်အတည်ပြုရေးအဖွဲ့အား အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းမှ တစ်ဦးစီ၊ အရပ်သားကိုယ်စား လှယ်တို့မှ (၁)ဦးစီဖြင့် စုစုပေါင်း (၄)ဦး ပါဝင်ဖွဲ့စည်းရမည်။

(ခ) ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခတ်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့် ရေးကော်မတီတို့၏ စိစစ်အတည်ပြုရေးအဖွဲ့များတွင် ပါဝင်မည့်အရပ်သားကိုယ်စားလှယ်သည် သက်ဆိုင်ရာ ပစ်ခတ်တိုက်ခတ်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီအဖွဲ့ဝင် ဖြစ်ရမည်ဖြစ်ပြီး အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတို့မှ ကိုယ်စားလှယ်များ အနက် တစ်ဦးစီသည် သက်ဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီအဖွဲ့ဝင်ဖြစ်ရမည်။ ဒေသဆိုင်ရာအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲ

စောင့်ကြည့်ရေးကော်မတီ၏ စိစစ်အတည်ပြုရေးအဖွဲ့များတွင်ပါဝင်သော အရပ်သားကိုယ်စားလှယ်များကို ပူးတွဲစောင့်ကြည့်ရေးကော်မတီဝင် မဟုတ်သူများကိုလည်း ဖွဲ့စည်းပေးနိုင်သည်။

(ဂ) စိစစ်အတည်ပြုရေးအဖွဲ့အတွက် ခေါင်းဆောင်အား အရပ်သားကိုယ်စားလှယ်အစုအဖွဲ့မှ တစ်ဦးကို သက်ဆိုင်ရာကော်မတီဥက္ကဋ္ဌက ရွေးချယ်တာဝန်ပေးရမည်။

(ဃ) စိစစ်အတည်ပြုရေးအဖွဲ့များအား လိုအပ်သလို ညှိနှိုင်းပြင်ဆင်ဖွဲ့စည်းနိုင်သည်။

## တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၈၃။ စိစစ်အတည်ပြုရေးအဖွဲ့များသည် တိုင်ကြားမှု၊ အငြင်းပွားမှုများနှင့်ပတ်သက်၍ အဆုံးအဖြတ်ပေးနိုင်ရေးအတွက် လိုအပ်သောအချက်အလက်များနှင့် အထောက်အထားများကို သတ်မှတ်ကာလအတွင်း အမြန်ဆုံးရှာဖွေရယူရန် အောက်ပါအတိုင်းဆောင်ရွက်ရမည် –

(က) စိစစ်အတည်ပြုရေးအဖွဲ့များသည် တိုင်ကြားမှု၊ အငြင်းပွားမှုများနှင့်ပတ်သက်၍ အဆုံးအဖြတ်ပေးနိုင်ရေးအတွက် လိုအပ်သောအချက်အလက်များနှင့် ချိတ်ဆက်ထားရှိပြီး အမြဲအဆင်သင့်ဖြစ်စေရမည်။ (သက်ဆိုင်ရာပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီရုံးများ မဖွဲ့စည်းမီတွင် ဆက်ဆံရေးရုံးများမှတဆင့် ဆက်သွယ်ဆောင်ရွက်ရန်)

(ခ) စိစစ်အတည်ပြုရေးလုပ်ငန်းများကို သက်ဆိုင်ရာပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီများ၏ ခွင့်ပြုချက်ဖြင့်ဆောင်ရွက်ရမည်။

(ဂ) စုံစမ်းစစ်ဆေးမှုပြုလုပ်ရန်အတွက် လိုအပ်လာပါက နှစ်ဘက်အဖွဲ့အစည်းများသို့ လုပ်ငန်းနှင့် သက်ဆိုင်သော အကူအညီများ တောင်းခံပိုင်ခွင့်ရှိပြီး ထိုအဖွဲ့အစည်းများကလည်း ကူညီဆောင်ရွက်ပေးရမည်။

(ဃ) စုံစမ်းစစ်ဆေးရေးပြုလုပ်ရာတွင် ဖြစ်စဉ်နှင့်ပတ်သက်၍ မည်သူ့ကိုမဆို လိုအပ်သည့် အကူအညီနှင့် အချက်အလက်များ တောင်းခံရယူနိုင်သည်။

စိစစ်အတည်ပြုရေးအဖွဲ့များသည် လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း တားမြစ်ခြင်း၊ နှောင့်နှေးစေခြင်း၊ ကန့်သတ်ခြင်းစသည့်အပြုအမူများနှင့် ကြုံတွေ့ရပါက သက်ဆိုင်ရာတာဝန်ပေးအပ်သည့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီထံသို့ ချက်ခြင်းတင်ပြအစီရင်ခံရမည်။

(စ) စိစစ်အတည်ပြုရေးအဖွဲ့များအတွက် လိုအပ်သည့်စီမံအုပ်ချုပ်ရေးလုပ်ငန်းများနှင့် ဘဏ္ဍာငွေကုန်ကျမှုများအား သက်ဆိုင်ရာပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီမှ တာဝန်ယူရမည်။

(ဆ) စိစစ်အတည်ပြုရေးအဖွဲ့များသည် ရရှိလာသောအထောက်အထားသတင်းအချက်အလက်များကို လုံခြုံစွာ ထိန်းသိမ်းထားပြီး သက်ဆိုင်ရာတာဝန်ပေးအပ်သည့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီသို့ သတ်မှတ်အချိန်ကာလအတွင်း ပြည့်စုံစွာအစီရင်ခံတင်ပြရမည်။

(ဇ) စိစစ်အတည်ပြုရေးလုပ်ငန်းတွင် ပါဝင်သူများ၊ သတင်းအချက်အလက်ပေးသူများ၏ လုံခြုံရေး၊ အန္တရာယ်ကင်းဝေးရေးနှင့်ပတ်သက်ပြီး သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ဌာနများမှတာဝန်ခံရေး ဆောင်ရွက်ပေးရမည်။

(ဈ) စိစစ်အတည်ပြုရေးအဖွဲ့၏ အစီရင်ခံစာကို ၎င်းအဖွဲ့တွင်ပါဝင်သော အဖွဲ့ဝင်အားလုံးက လက်မှတ်ရေးထိုး အတည်ပြုပေးရမည်။

(ည) ဒေသဆိုင်ရာအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီသည် ပဋိပက္ခဖြစ်ပွားရာ ဒေသတွင်ရှိသော နိုင်ငံရေးပါတီဝင်များ၊ ဘာသာရေးအကြီးအကဲများ၊ ရပ်မိရပ်ဖများ၊ လူပ်ရှားတက်ကြွသူများ၊ CSO များထံမှပဋိပက္ခသဘောသဘာဝနှင့် ဖြေရှင်းမှုဆိုင်ရာ အကြံပြုချက်များကို ရယူနိုင်သည်။

## အခန်း(၇)
## တိုင်တန်းမှုယန္တရား

၈၄။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာသဘောတူစာချုပ်၏ တပ်ပိုင်းဆိုင်ရာကိစ္စများ၊ စစ်ဘက်ဆိုင်ရာ ကျင့်ဝတ်များ၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် ပတ်သက်သော အငြင်းပွားမှုများနှင့် ချိုးဖောက်မှုများကို အောက်ပါအတိုင်း အဆင့်ဆင့်တိုင်ကြားနိုင်သည် –

(က) ဒေသဆိုင်ရာအဆင့် ပူးတွဲစောင့်ကြည့်ရေးကော်မတီရုံးများ၊

(ခ) ပြည်နယ်အဆင့် ပူးတွဲစောင့်ကြည့်ရေးကော်မတီရုံးများ၊

(မှတ်ချက်။ ။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ဆက်ဆံရေးရုံးများသို့လည်းကောင်း ရပ်ကွက်/ကျေးရွာအုပ်စု၊ မြို့နယ်နှင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံးများသို့လည်းကောင်း တိုင်ကြားမှုများ ရှိလာပါက သက်ဆိုင်ရာ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီအဆင့်ဆင့်မှ လက်ခံဆောင်ရွက်ရမည်။)

# အခန်း(၈)

# အငြင်းပွားမှုဖြေရှင်းခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း

၈၅။ တိုင်တန်းထားသည့် ကိစ္စရပ်များပတ်သက်၍ စိစစ်အတည်ပြုရေးအဖွဲ့မှ ချိုးဖောက်မှုအဆင့် သတ်မှတ်ပြီး ဆုံးဖြတ်အစီရင်ခံပါက သက်ဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေး ကော်မတီသည် အောက်ပါအရေးယူမှုများကို အချိန်ဇယားသတ်မှတ်ဆောင်ရွက်သွားရမည်။

(က) အသေးအဖွဲချိုးဖောက်မှုအဆင့် (Minor Violation) ဖြစ်ပါက ကျူးလွန်သူအား ၎င်းအထက်အရာရှိမှ သက်ဆိုင်ရာအဖွဲ့အစည်းများ၏ လုပ်ထုံးလုပ်နည်း ဥပဒေများနှင့်အညီ အရေးယူရမည်။

(ခ) စိုးရိမ်ရသောချိုးဖောက်မှုဆင့် (Serious Violation) ဖြစ်ပါက ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီသည် ပြစ်မှုကျူးလွန်ကြောင်း တရားဝင်အတည်ပြုစာကို သက်ဆိုင်ရာ အဖွဲ့အစည်းထံသို့ ပေးပို့ရမည်။ သက်ဆိုင်ရာ အဖွဲ့အစည်းသည် ၎င်းတို့၏ လုပ်ထုံးလုပ်နည်းဥပဒေများနှင့်အညီ ဆက်လက်အရေးယူရမည်။

(ဂ) အလွန်အမင်းစိုးရိမ်ရသည့် ချိုးဖောက်မှုဖြစ်ပေါ်လာပါက ပြည်ထောင်စုအဆင့် ပူးတွဲစောင့်ကြည့်ရေး ကော်မတီမှ စိစစ်အတည်ပြုရေးကို ဆောင်ရွက်ရမည်။ စုံစမ်းတွေ့ရှိချက်ကို သက်ဆိုင်ရာ အဖွဲ့အစည်းထံသို့ ပေးပို့၍ ၎င်းတို့၏ သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်း ဥပဒေများနှင့်အညီ ဆက်လက်အရေးယူ ဆောင်ရွက်ရမည်။

၈၆။ အဖွဲ့အစည်းအသီးသီးမှ မိမိတို့၏အရေးယူဆောင်ရွက်မှုအစီရင်ခံစာကို သက်ဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီသို့ ပေးပို့ရမည်။ ထို့အပြင် နှစ်ဖက်အဖွဲ့အစည်းမဟုတ်သူများမှ တိုင်ကြားထားသော ကိစ္စရပ်များဖြစ်လျှင် ထိုတိုင်ကြားသူထံသို့ သက်ဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီမှ မည်ကဲ့သို့အရေးယူဆောင်ရွက်ပြီး ဖြစ်ကြောင်း အကြောင်းကြားရမည်။ ထိုကဲ့သို့ အရေးယူဆောင်ရွက်ပြီးကြောင်း အကြောင်းကြားချက်ကို ချိုးဖောက်ခြင်းခံရသူ (သို့) တိုင်ကြားသူမှ ကောင်းစွာနားလည်နိုင်ရေးအတွက် သက်ဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီမှ ရှင်းပြရန် တာဝန်ရှိသည်။

၈၇။ ပူးတွဲစောင့်ကြည့်ရေးကော်မတီအဆင့်ဆင့်၏ အရေးယူဆောင်ရွက်မှုများသည် ဥပဒေအရပြဋ္ဌာန်းထားသော နိုင်ငံသား အခွင့်အရေးများကို ထိခိုက်နစ်နာဆုံးရှုံးစေခြင်း မရှိစေရ။

# အခန်း(၉)
# အထွေထွေ

၈၈။ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ၏ လုပ်ငန်းလမ်းညွှန်ပါ အချက်များအား ပြင်ဆင်ဖြည့်စွက်လိုပါက ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီများ၏ သဘောတူညီမှုနှင့် ပြင်ဆင်ဖြည့်စွက်ပြီး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး(JICM) သို့တင်ပြ၍ အတည်ပြုချက်ရယူသွားရန်ဖြစ်သည်။

၈၉။ တိုင်ကြားသူများ၊ သတင်းအချက်အလက်ပေးသူများနှင့် သက်သေများတို့၏ လုံခြုံမှုနှင့်ပတ်သက်၍ နှစ်ဖက်အဖွဲ့အစည်းများတွင် တာဝန်ရှိသည်။

၉၀။ တပ်မတော်ကိုယ်စားလှယ်များနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတို့၏ ကိုယ်စားလှယ်တို့သည် အသိသက်သေများရှေ့မှောက်တွင် ဤပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးယန္တရား အောင်မြင်စွာ ပူးတွဲအကောင်အထည်ဖော်လုပ်ဆောင်သွားရန် သဘောတူလက်မှတ် ရေးထိုးကတိပြုကြပါသည်။

# ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးပူးတွဲစောင့်ကြည့်ရေးကော်မတီ လုပ်ငန်းလမ်းညွှန်

## ရည်ရွယ်ချက်

၁။ တစ်နိုင်ငံလုံးအတိုင်းအတာပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးအခြေအနေ၊ ဤသဘောတူစာချုပ်၏ တပ်ပိုင်းဆိုင်ရာ ကိစ္စများ၊ စစ်ဘက်ဆိုင်ရာကျင့်ဝတ်များနှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများအား ထိန်းသိမ်း လိုက်နာခြင်းနှင့်ပတ်သက်၍ စောင့်ကြည့်လေ့လာခြင်း၊ ပေါ်ပေါက်လာသောအငြင်းပွားမှုများအား ဖြေရှင်းရာတွင် ဘက်လိုက်မှုကင်းပြီး ပွင့်လင်းမြင်သာမှုအခြေခံဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အထောက်အကူပြုရန်။

## အခြေခံမူများ

၂။ “ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးပူးတွဲစောင့်ကြည့်ရေးကော်မတီ” များသည် အောက်ပါအခြေခံမူများအတိုင်း ဆောင်ရွက်သွားရန် သဘောတူကြသည်။

(က) လုပ်ငန်းစဉ်တစ်ခုလုံးကို အကောင်အထည်ဖော်ရာတွင် ဘက်လိုက်မှုကင်းခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်း၊ တရားမျှတမှု၊ တန်းတူညီမျှမှုနှင့် ဂုဏ်သိက္ခာရှိမှုတို့ကို အခြေခံရန်။

(ခ) နှစ်ဖက်အောက်ခြေအဆင့်တွင် ဖြစ်ပေါ်နိုင်သည့်ပဋိပက္ခများအား အင်အားသုံးဖြေရှင်းခြင်းမပြုပဲ ညှိနှိုင်းအဖြေရှာခြင်းနည်းလမ်းကို အသုံးပြုရန်။

(ဂ) တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ပါ အခြေခံမူများ၊ ဦးတည်ချက်နှင့် ရည်ရွယ်ချက်များအတိုင်း စောင့်ထိန်းအကောင်အထည်ဖော်ရန်။

(ဃ) တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်တွင် ဖော်ပြပါရှိသည့် နှစ်ဖက်အပြန်အလှန်ထားရှိသော ကတိကဝတ်များကို စောင့်ထိန်းရန်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပွင့်လင်းမြင်သာခြင်း၊ တာဝန်ယူခြင်း၊ တာဝန်ခံခြင်းစသည့်နည်းလမ်းများဖြင့် အကောင်အထည်ဖော်ရန်။

(င) ငြိမ်းချမ်းရေးဆွေးနွေးဖက်များအကြား ဝိဝါဒကွဲပြားမှုများကို ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိရေး စိတ်ရင်းစေတနာမှန်ဖြင့် အကျေအလည်ညှိနှိုင်း ဖြေရှင်းဆောင်ရွက်ရန်။

(စ) အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဥပဒေနှင့် လူ့အခွင့်အရေးဆိုင်ရာဥပဒေများကို အသိအမှတ်ပြုလေးစားရန်။

# ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီဝင်များစာရင်း (JMC)

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

၁။ ဦးအုန်းမြင့်
ပြည်ထောင်စုဝန်ကြီး

၂။ ဦးခင်မောင်စိုး
ပြည်ထောင်စုဝန်ကြီး

၃။ ဗိုလ်ချုပ်ထွန်းထွန်းနောင်
ကစထ(၁)မှူး

၄။ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်
ကစထ(၂)မှူး

၅။ ဗိုလ်ချုပ်အောင်ကျော်ဇော
ကစထ(၃)မှူး

၆။ ဗိုလ်ချုပ်မင်းနောင်
ကစထ(၄)မှူး

၇။ ဦးမြင့်စိုး
ဒုတိယဗိုလ်ချုပ်ကြီး (ငြိမ်း)

၈။ ဗိုလ်မှူးကြီးကျော်စိုးဝင်း
ကက (ကြည်း)

၉။ ပြည်ထဲရေးဝန်ကြီးဌာနမှ တစ်ဦး

၁၀။ ဒေါက်တာမင်းဇော်ဦး
အစီအစဉ်ညွှန်ကြားရေးမှူး (ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ညှိနှိုင်းအကောင်အထည်ဖော်ဆောင်ရွက်မှု အစီအစဉ်) Myanmar Peace Center (MPC)

**တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ**

၁။ ဗိုလ်ချုပ်စောအိုင်းဇက်
စစ်ထောက်ချုပ်၊ KNLA
ဗဟိုအမြဲတမ်းကော်မတီ၊ ကေအဲန်ယူ–ကရင်အမျိုးသားအစည်းအရုံး (KNU)

၂။ ဗိုလ်ချုပ်စောနေစိုးမြ
စစ်ရေးချုပ်
ကရင်အမျိုးသားအစည်းအရုံး/ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (ငြိမ်းချမ်းရေးကောင်စီ) (KNU/ KNLA PC)

၃။ ဒေါက်တာရွှေခါးရဲ

တွဲဖက်–အထွေထွေအတွင်းရေးမှူး–၂
ချင်းအမျိုးသားတပ်ဦး (CNF)

၄။ ဗိုလ်မှူးစောကျော်သန်းဌေး
ဆက်ဆံရေးတာဝန်ခံချုပ်
ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် (DKBA)

၅။ ဒုတိယဗိုလ်မှူးကြီး ခွန်အောင်မန်း
စစ်ဦးစီးမှူး/ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်
ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO)

၆။ ရဲဘော်ဆလိုင်းယောအောင်
ဗဟိုဦးဆောင်ကော်မတီဝင်
မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (ABSDF)

၇။ ဒုတိယဗိုလ်မှူးကြီးခိုင်မျိုးချစ်
ဗဟိုစစ်ဦးစီးမှူးအဖွဲ့ဝင်
ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)

၈။ ဗိုလ်မှူးကြီးဆောင်းဟန်
ဗဟိုအလုပ်အမှုဆောင်ကော်မတီ၊
သျှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)

၉။ ပဒိုစောတာဒိုမူး
ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ကေအဲန်ယူ–ကရင်အမျိုးသားအစည်းအရုံး (KNU)

၁၀။ ကိုယ်စားလှယ်တစ်ဦး
သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)

# ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC)
# နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်
# (The Framework for Political Dialogue)

## နိဒါန်း

၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ (၁၅)ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများကြား လက်မှတ်ရေးထိုးပြီး ပြည်ထောင်စု လွှတ်တော်မှလည်း ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ (၈)ရက်နေ့တွင် ကန့်ကွက်သူမရှိ အတည်ပြုထားသော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (Nationwide Ceasefire Agreement-NCA) ပါ သဘောတူညီချက်များနှင့်အညီ ဤနိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် (The Framework for Political Dialogue) ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၊ လွှတ်တော်နှင့် တပ်မတော်တို့မှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တရားဝင်နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များပါဝင်သည့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (Union Peace Dialogue Joint Committee-UPDJC) က ဆွေးနွေးညှိနှိုင်းပြီး ရေးဆွဲခဲ့ကြပါသည်။

ဤနိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်သည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကိုရှေးရှု၍ လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုတို့ကို အခြေခံပြီး ပင်လုံစိတ်ဓာတ်နှင့်အညီ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အခွင့်အရေးများအား အာမခံချက်အပြည့်ဝရှိသော၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကိုအခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနှင့်အညီ တည်ဆောက်ရန်ရည်ရွယ်၍ ရေးဆွဲထားခြင်းဖြစ်ပါသည်။

## အခန်း(၁)

# ရည်ရွယ်ချက်

၁။ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်၏ ရည်ရွယ်ချက်များမှာ –

(က) ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိရေးအတွက် နိုင်ငံရေးပြဿနာကို စစ်ရေးနည်းဖြင့်ဖြေရှင်းခြင်းမပြုဘဲ နိုင်ငံရေးနည်းဖြင့်ဖြေရှင်းနိုင်ရန်အလို့ငှာ ပါဝင်သင့်ပါဝင်ထိုက်သူအားလုံးပါဝင်သည့် နိုင်ငံရေးဆွေးနွေးပွဲများကို ကျင်းပသွားရန်၊

(ခ) နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် လုံခြုံရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို ငြိမ်းချမ်းစွာညှိနှိုင်းအဖြေရှာသွားရန်၊

(ဂ) ပြည်တွင်းငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် တိုင်းရင်းသားပေါင်းစုံ သဟဇာတရှိရှိ တန်းတူညီမျှ ယှဉ်တွဲနေထိုင်နိုင်ရေးတို့အတွက် ဆွေးနွေးအဖြေရှာသွားရန်၊

(ဃ) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံမှထွက်ပေါ်လာသော ဆုံးဖြတ်ချက်များအပေါ်အခြေခံ၍ ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် ဥပဒေများအား လိုအပ်သလိုပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းနှင့် ပယ်ဖျက်ခြင်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီဆောင်ရွက်သွားရန်၊

(င) အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ အာမခံချက်အပြည့်အဝရှိသော ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုအား နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနှင့်အညီ တည်ဆောက်သွားရန်၊

(စ) လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်းနှင့် တရားမျှတခြင်းတို့ကို အခြေခံသည့် ဒီမိုကရေစီ နိုင်ငံတော်တည်ထောင်ရန်၊

## အခန်း(၂)

# အခြေခံမူများ

၂။ ဤမူဘောင်ကိုအခြေခံ၍ ကျင်းပရမည့် နိုင်ငံရေးဆွေးနွေးပွဲအဆင့်ဆင့်၏ အခြေခံမူများမှာ –

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ရှေးရှု၍ လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုတို့ကို အခြေခံပြီး ပင်လုံစိတ်ဓာတ်နှင့်အညီ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့်ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အခွင့်အရေးများ အာမခံချက်များ အပြည့်အဝရှိသော ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်တို့ကိုအခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနှင့်အညီ တည်ဆောက်

သွားရန်၊

(ခ) မြန်မာနိုင်ငံတွင် သမိုင်းရှည်ကြာဖြစ်ပွားခဲ့သော လက်နက်ကိုင်ပဋိပက္ခများ အဆုံးသတ်နိုင်ရေး ဆွေးနွေးညှိနှိုင်းအဖြေရှာရန်နှင့် နိုင်ငံရေးပြဿနာကို စစ်ရေးနည်းဖြင့် ဖြေရှင်းမပြုဘဲ နိုင်ငံရေးနည်းဖြင့် ဖြေရှင်းမည့် နိုင်ငံရေးယဉ်ကျေးမှုသစ်တစ်ရပ်ထူထောင်ပြီး၊ လက်နက်ကိုင် ပဋိပက္ခ အဆုံးသတ်ကာ ရေရှည်တည်တံ့သည့် ပြည်ထောင်စုငြိမ်းချမ်းရေးကို တည်ဆောက် သွားရန်၊

(ဂ) တိုင်းရင်းသားလူမျိုးပေါင်းစုံ ပူးပေါင်းပါဝင်သော ပြည်ထောင်စုတပ်မတော်ဆိုင်ရာ ကိစ္စရပ် များကို နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများတွင် ထည့်သွင်းဆွေးနွေးသွားရန်၊

(ဃ) ဤပြည်ထောင်စုအတွင်းနေထိုင်ကြသော နိုင်ငံသားအားလုံးကို လူမျိုးရေး၊ ဘာသာရေး၊ ယဉ်ကျေးမှုနှင့် လိင်ကွဲပြားမှုတို့ကြောင့် ခွဲခြားဆက်ဆံခြင်းမပြုဘဲ တန်းတူရည်တူ အခွင့် အရေး ရရှိစေရန်၊

(င) နိုင်ငံရေးကိစ္စအလို့ငှာ ဘာသာသာသနာကို အလွဲသုံးစားမပြုရန်၊ နိုင်ငံရေးနှင့်ဘာသာရေး ရောယှက်ခြင်း မရှိသည့် နိုင်ငံတော်တည်ထောင်ရန်၊

(စ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုး များ၏နောက်ခံသမိုင်း ရိုးရာယဉ်ကျေးမှု၊ စာပေ၊ ဘာသာစကားနှင့် အမျိုးသားလက္ခဏာများ မတူကွဲပြားမှုကို လက်ခံအသိအမှတ်ပြု၍ လူမျိုးပေါင်းစုံ၊ ဘာသာစကားပေါင်းစုံတို့ဖြင့် ပြည် ထောင်စုလက္ခဏာတစ်ရပ်ကို နိုင်ငံသားအားလုံးစုပေါင်းဖော်ဆောင်ရန်၊

(ဆ) ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိရန် ရည်မှန်း၍ တိုင်းရင်းသားများ၏ လိုလား ချက်များနှင့် သဘောထားဆန္ဒများကို အခြေခံပြီး ပါဝင်သင့်သူအားလုံးပါဝင်သည့် နိုင်ငံရေး ဆွေးနွေးပွဲများကို ကျင်းပသွားရန်၊

(ဇ) ငြိမ်းချမ်းရေးဆွေးနွေးဖက်များအကြား ဝိဝါဒကွဲပြားမှုများကို ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိရန် စိတ်ရင်းစေတနာမှန်ဖြင့် အကျေအလည်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ရန်၊

(ဈ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော ပြည်သူလူထု တစ်ရပ်လုံး၏ အသက်၊ အိုးအိမ်၊ စည်းစိမ်းလုံခြုံရေးနှင့် ပြည်သူလူထု၏ဘဝမြှင့်တင်ရေးကို ကြိုးပမ်းဆောင်ရွက်သွားရန်၊

(ည) နိုင်ငံရေးဆွေးနွေးပွဲများတွင် အမျိုးသမီးကိုယ်စားလှယ် ၃၀ ရာခိုင်နှုန်း ပါဝင်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရန်၊

(ဋ) အမျိုးသားပြန်လည်သင့်မြတ်ရေးကို ထိခိုက်စေမည့် အကြောင်းအရာများ၊ ရရှိလာသည့် အပြန်အလှန် လေးစားအသိအမှတ်ပြုမှုနှင့် ယုံကြည်မှုများကို ယုတ်လျော့စေမည့် အပြုအမူ များ၊ အရေးအသားများ၊ အပြောအဆိုများမပြုလုပ်ရ၊

# အခန်း(၃)

# နိုင်ငံရေးဆွေးနွေးမှုလုပ်ငန်းစဉ်များ

၃။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) တွင် သဘောတူညီထားသည့်အတိုင်း နိုင်ငံရေးဆွေးနွေးမှုလုပ်ငန်းစဉ်များကို အောက်ပါအတိုင်းဆောင်ရွက်မည် –

(က) နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် (The Framework for Political Dialogue) ကို ရေးဆွဲ သဘောတူညီမှုရယူခြင်း၊

(ခ) အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများနှင့် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ ကျင်းပ ခြင်း၊

(ဂ) ပြည်ထောင်စုသဘောတူစာချုပ်ချုပ်ဆိုခြင်း

(ဃ) ပြည်ထောင်စုလွှတ်တော်သို့တင်သွင်း၍ အတည်ပြုချက်ရယူခြင်း၊

(င) ပြည်ထောင်စုသဘောတူစာချုပ် (Pyidaungsu Accord) ပါ သဘောတူညီချက်များကို အကောင်အထည်ဖော်ခြင်း၊

# အခန်း(၄)

# အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကျင်းပခြင်း

၄။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အပိုဒ် ၂၀ အပိုဒ်ခွဲ(ဂ) နှင့် (ဃ) တို့အရ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံတို့ကို ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) မှ ဦးဆောင်တာဝန်ယူ၍ အောက်ပါအတိုင်း ကျင်းပမည် –

**၄.၁။ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများ**

၄.၁.၁။ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများကို လုပ်ငန်းကော်မတီများမှ ဦးဆောင်လမ်းညွှန်၍ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC)မှ ချမှတ်ပေးထားသည့် အခြေခံလမ်းညွှန်မှုများနှင့်အညီ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းများမှ အစုအဖွဲ့ တစ်ဖွဲ့ချင်း သော်လည်းကောင်း၊ စုပေါင်း၍သော်လည်းကောင်း ကျင်းပနိုင်သည်။

၄.၁.၂။ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများတွင် ပြည်ထောင်စုအစိုးရအဖွဲ့မှ ကိုယ်စားလှယ်

များ၊ လွှတ်တော်များမှ ကိုယ်စားလှယ်များ၊ တပ်မတော်မှကိုယ်စားလှယ်များ၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ တရားဝင်နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များနှင့် အခြားပါဝင်သင့်ပါဝင်ထိုက်သူများ ပါဝင်နိုင်သည်။

၄.၁.၃။ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများတွင် ဆွေးနွေးမည့် ကဏ္ဍကြီး(၆)ခုမှ တိုင်းရင်းသားလူမျိုးများနှင့်ဆိုင်သော ကိစ္စရပ်များ၊ ဒေသတစ်ခုချင်းနှင့်သက်ဆိုင်သော ကိစ္စရပ်များ၊ နိုင်ငံသားအများစုနှင့်ဆိုင်သော ကိစ္စရပ်များကို ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့်တွင်လည်းကောင်း၊ တစ်နိုင်ငံလုံးအဆင့်တွင်လည်းကောင်း ကျင်းပသွားနိုင်သည်။

၄.၁.၄။ ထိုဆွေးနွေးပွဲမှချမှတ်သော အဆိုပြုချက်နှင့် အကြံပြုချက်များကို သက်ဆိုင်ရာလုပ်ငန်းကော်မတီများမှတစ်ဆင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံတွင် ဆွေးနွေးဆုံးဖြတ်မှုများ ပြုလုပ်နိုင်ရန် တင်ပြသွားမည်။

## ၄.၂။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) နှင့် ဤနိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်တွင် ပါဝင်သည့် ရည်ရွယ်ချက်နှင့်အခြေခံမူများကို အခြေခံ၍ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို အောက်ပါအတိုင်း ကျင်းပရမည် –

၄.၂.၁။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို အစိုးရအဖွဲ့ကိုယ်စားလှယ် (၇၅)ဦး၊ လွှတ်တော် ကိုယ်စားလှယ် (၇၅)ဦး၊ တပ်မတော်ကိုယ်စားလှယ်(၁၅၀)ဦး၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှကိုယ်စားလှယ် (၁၅၀)ဦး၊ တိုင်းရင်းသားကိုယ်စားလှယ် (၅၀)ဦးနှင့် အခြားပါဝင်သင့်ပါဝင်ထိုက်သူ (၅၀)ဦး၊ စုစုပေါင်းကိုယ်စားလှယ် (၇၀၀)ဦးဖြင့် ကျင်းပရမည်။

၄.၂.၂။ ကိုယ်စားလှယ်များရွေးချယ်စေလွှတ်ရာတွင် အမျိုးသမီးကိုယ်စားလှယ် ၃၀ ရာခိုင်နှုန်း ပါဝင်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မည်။

၄.၂.၃။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ၏ ပထမအကြိမ်အစည်းအဝေးကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလ (၁၂)ရက်တွင် စတင်ကျင်းပရမည်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို (၄)လ တစ်ကြိမ် ကျင်းပရမည်။ ညီလာခံ၏သဘောတူညီချက်ဖြင့် ကျင်းပရမည့်နေ့ရက်များကို လိုအပ်သလို ပြင်ဆင်သတ်မှတ်နိုင်သည်။

၄.၂.၄။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ၏ သဘာပတိအဖွဲ့ဝင်များကို အစုအဖွဲ့တစ်ဖွဲ့စီမှ (၉) ဦးစီဖြင့် ရွေးချယ်ဖွဲ့စည်း၍ ညီလာခံတွင် အလှည့်ကျပူးတွဲတာဝန်ယူရန် အစုအဖွဲ့တစ်ဖွဲ့ချင်းစီမှ ကိုယ်စားလှယ် (၃)ဦးစီ တာဝန်ပေးအပ်ရမည်။

၄.၂.၅။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံသည် သက်ဆိုင်ရာလုပ်ငန်းကော်မတီများက တင်ပြလာသော အဆိုပြုချက်နှင့် အကြံပြုချက်များအတွက် ဆွေးနွေးဆုံးဖြတ်မှုများ ပြုလုပ်သွားရမည်။ လိုအပ်ပါက အကြံပြုချက်များအား ပြန်လည်ဆွေးနွေးရန် သက်ဆိုင်ရာ လုပ်ငန်းကော်မတီ

သို့ ပေးပို့နိုင်သည်။

၄.၂.၆။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ခြင်းမရှိသည့် အကြောင်းအရာများရှိပါက ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) သည် သက်ဆိုင်ရာလုပ်ငန်းကော်မတီ၏ အဖွဲ့ဝင်များနှင့် သီးခြားအစည်းအဝေးထိုင်၍ ညှိနှိုင်းဖြေရှင်းပေးရမည် (သို့မဟုတ်) ဖြေရှင်းနိုင်ရန် အကြံပြုပေးရမည်။

၄.၂.၇။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံတွင် ကိုယ်စားလှယ်များ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ၊ အစည်းအဝေးကျင်းပမည့်ပုံစံနှင့် လုပ်ငန်းများလုပ်ဆောင်ရမည့် နည်းလမ်းများကို ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) က ရေးဆွဲတင်ပြပြီး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံက အတည်ပြုပေးရမည်။

၄.၂.၈။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံသည် ညီလာခံသို့ တက်ရောက်ခွင့်ရှိသည့် အစုအဖွဲ့တစ်ဖွဲ့ချင်းစီမှ အနည်းဆုံး ကိုယ်စားလှယ်ဦးရေ ၆၀ ရာခိုင်နှုန်း တက်ရောက်လျှင် အစည်းအဝေး အထမြောက်သည်။

၄.၂.၉။ အစုအဖွဲ့အသီးသီးတွင် ကိုယ်စားလှယ်များ အစားထိုးရန် လိုအပ်ပါက သက်ဆိုင်ရာအစုအဖွဲ့က ရွေးချယ်တင်ပြလာသော ကိုယ်စားလှယ်အား UPDJC မှ လက်ခံအတည်ပြုပေးရမည်။

၄.၂.၁၀။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံတွင် တက်ရောက်မည့် တိုင်းရင်းသားကိုယ်စားလှယ် (၅၀)ဦးနှင့် အခြားပါဝင်သင့်ပါဝင်ထိုက်သူ (၅၀)ဦးတို့ကို အစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တရားဝင်နိုင်ငံရေးပါတီ အစုအဖွဲ့တို့မှအချိုးတူ ရွေးချယ်ရမည်။ ယင်းကိုယ်စားလှယ်များ အစားထိုးရန်လိုအပ်လာပါက သက်ဆိုင်ရာအစုအဖွဲ့မှ တင်ပြလာသော ကိုယ်စားလှယ်အသစ်အား ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) မှ လက်ခံအတည်ပြုပေးရမည်။

## အခန်း (၅)

# နိုင်ငံရေးဆွေးနွေးပွဲများတွင် ဆွေးနွေးမည့် အကြောင်းအရာများ

၅။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံတွင် အောက်ဖော်ပြပါ ဆွေးနွေးမည့်အကြောင်းအရာ အသေးစိတ်ကို တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) နှင့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်တွင် ပါဝင်သော မူများပေါ်တွင် အခြေခံ၍ ဆောင်ရွက်သွားရမည် –

**နိုင်ငံရေးဆွေးနွေးပွဲများတွင် ဆွေးနွေးရမည့်အကြောင်းအရာများမှာ –**

**(က) နိုင်ငံရေး**

(၁) ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကိစ္စရပ်များ၊

(၂) တိုင်းရင်းသားလူမျိုးများအလိုက် ခံစားသင့်ခံစားထိုက်သော လူမျိုးရေးဆိုင်ရာ စုပေါင်း အခွင့်အရေးကိစ္စရပ်များ၊

(၃) နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်း၊ အချင်းချင်း အပြန်အလှန် ထိန်းကျောင်းမှုရှိစေခြင်းနှင့် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ကိစ္စရပ်များ၊

(၄) ပြည်ထောင်စုအထွေထွေအုပ်ချုပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေး၊

(၅) ရွေးကောက်ပွဲဝင်ခွင့်ဆိုင်ရာ ကိစ္စရပ်များ၊

(၆) တရားဥပဒေစိုးမိုးရေးဆိုင်ရာ ကိစ္စရပ်များ၊

**(ခ) လူမှုရေး**

(၁) တိုင်းရင်းသားလူမျိုးများ၏ သမိုင်းဖော်ထုတ်သင်ကြားရေးဆိုင်ရာ ကိစ္စရပ်များ၊ စာပေ၊ ယဉ်ကျေးမှု၊ ဘာသာစကားနှင့် ဓလေ့ထုံးတမ်းဆိုင်ရာ ကိစ္စရပ်များ၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များ၊

(၂) ကိုးကွယ်ယုံကြည်မှုနှင့် ဘာသာရေးဆိုင်ရာကိစ္စရပ်များ၊

(၃) ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူမှုဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များ၊

(၄) လူ့အခွင့်အရေး၊ ကျား–မ တန်းတူညီမျှရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ ကိစ္စရပ်များ၊

(၅) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ ကာကွယ်တားဆီးရေးနှင့် ပညာပေးရေးဆိုင်ရာ ကိစ္စရပ်များ၊

**(ဂ) စီးပွားရေး**

(၁) အမျိုးသားစီးပွားရေးမူဝါဒဆိုင်ရာ ကိစ္စရပ်များ၊

(၂) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များ၊

(၃) အခွန်ကောက်ယူခြင်းနှင့် ပြန်လည်ခွဲဝေခြင်း၊

(၄) ဒေသန္တရဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များ၊

(၅) ဘဏ္ဍာရေးနှင့် ငွေကြေးမူဝါဒ ကိစ္စရပ်များ၊

**(ဃ) လုံခြုံရေး**

(၁) နိုင်ငံတော်ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များ၊

(၂) လုံခြုံရေးဆိုင်ရာ ပေါင်းစည်းရေးကိစ္စရပ်များ၊

**(င) မြေယာနှင့် သဘောဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒကိစ္စရပ်များ**

(၁) မြေယာနှင့် သဘာဝသယံဇာတစီမံခန့်ခွဲရေးနှင့် ခွဲဝေခြင်းဆိုင်ရာ ကိစ္စရပ်များ၊

(၂) ဘဘာဝပတ်ဝန်းကျင်နှင့် သဘာဝဘေးအန္တရာယ် ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များ၊

**(စ)အထွေထွေ**

# အခန်း (၆)
# နိုင်ငံရေးဆွေးနွေးပွဲများတွင် သဘောတူဆုံးဖြတ်ချက်ချမှတ်ခြင်း

၆။ နိုင်ငံရေးဆွေးနွေးပွဲများ၌ ဆွေးနွေးဖက်များအကြား ဝိဝါဒကွဲပြားမှုများကို ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိရန် စိတ်ရင်းစေတနာမှန်ဖြင့် အကျေအလည်ညှိနှိုင်းဖြေရှင်းပြီး သဘောတူဆုံးဖြတ်ချက်များ ချမှတ်နိုင်ရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) အခြေခံမူ အပိုဒ် (၁) အပိုဒ်ခွဲ (ဇ)နှင့်အညီ အောက်ပါအတိုင်း ဆောင်ရွက်သွားမည် –

၆.၁။ ဆွေးနွေးညှိနှိုင်းရမည့် ကိစ္စရပ်များအားလုံးကို လုပ်ငန်းကော်မတီအဆင့်တွင် အကျေအလည် ဆွေးနွေးအဖြေရှာရန်။

၆.၂။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံတွင် လုပ်ငန်းကော်မတီအသီးသီးမှ တင်ပြလာသော ကိစ္စရပ်များအနက် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုဆိုင်ရာ ကိစ္စရပ်များ၊ နိုင်ငံတော်လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များနှင့် လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းရေး ကိစ္စရပ်များ အပါအဝင် အရေးကြီးသောကိစ္စရပ်များကို ညီလာခံတက်ရောက်သူ အစုအဖွဲ့တစ်ဖွဲ့ချင်းစီမှ အနည်းဆုံး ၇၅ ရာခိုင်နှုန်းအထက် ထောက်ခံမဲရရှိ၍ တက်ရောက်သူစုစုပေါင်း၏ အနည်းဆုံး ၇၅ ရာခိုင်နှုန်းအထက် ထောက်ခံမဲဖြင့် ဆုံးဖြတ်နိုင်သည်။

၆.၃။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံတွင် လုပ်ငန်းကော်မတီအသီးသီးမှ တင်ပြလာသော ကိစ္စရပ်များအနက် အပိုဒ်ခွဲ ၆.၂ ပါ ကိစ္စရပ်များမှအပ အခြားကိစ္စရပ်များကို ညီလာခံ တက်ရောက်သူ အစုအဖွဲ့တစ်ဖွဲ့ချင်းစီမှ အနည်းဆုံး ၅၀ ရာခိုင်နှုန်းအထက် ထောက်ခံမဲရရှိ၍ တက်ရောက်သူစုစုပေါင်း၏ အနည်းဆုံး ၆၅ ရာခိုင်နှုန်းအထက် ထောက်ခံမဲဖြင့် ဆုံးဖြတ်နိုင်သည်။

# အခန်း (၇)
# နိုင်ငံရေးဆွေးနွေးရေး ဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC)

၇။ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) ကို နိုင်ငံရေးဆွေးနွေးပွဲများ အောင်မြင်စွာ ကျင်းပသွားနိုင်ရေးအတွက် ရည်ရွယ်၍ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) အရ ဖွဲ့စည်းသည်။

### ၇.၁။ ဖွဲ့စည်းမှု

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) ကို အစိုးရအဖွဲ့၊ လွှတ်တော်နှင့် တပ်မတော်ကိုယ်စားလှယ်များ၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)

လက်မှတ်ရေးထိုးကြသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တရားဝင်နိုင်ငံရေးပါတီတို့မှ ကိုယ်စားလှယ်များ အချိုးတူ ပါဝင်ဖွဲ့စည်းသည်။

## ၇.၂။ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၇.၂.၁။ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) သည် နိုင်ငံရေး ဆွေးနွေးပွဲ အဆင့်ဆင့်ကို ကြီးကြပ်လမ်းညွှန် တာဝန်ခံရမည်။

၇.၂.၂။ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) သည် နိုင်ငံရေးဆွေးနွေးပွဲများကို တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးပြီး ရက်ပေါင်း (၉၀)အတွင်း စတင်ကျင်းပရန် တာဝန်ရှိသည်။

၇.၂.၃။ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) သည် နိုင်ငံရေးဆွေးနွေးပွဲများမှ ထွက်ပေါ်လာသည့် ဆုံးဖြတ်ချက်များကို ပြည်ထောင်စုလွှတ်တော်သို့ လုပ်ထုံးလုပ်နည်းနှင့်အညီ တင်သွင်း၍ အတည်ပြုချက်ရယူနိုင်ရေးအတွက် ဆောင်ရွက်မည်။

၇.၂.၄။ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) သည် နိုင်ငံရေးဆွေးနွေးပွဲများအတွက် လိုအပ်သည့် လုပ်ငန်းကော်မတီများ၊ ဆပ်ကော်မတီများနှင့် နည်းပညာအထောက်အကူပြုအဖွဲ့များကို ဖွဲ့စည်း၍ လုပ်ငန်းတာဝန်နှင့်ဝတ္တရားများကို ချမှတ်မည်။

## ၈။ အတွင်းရေးမှူးအဖွဲ့

အတွင်းရေးမှူးအဖွဲ့ကို အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ တရားဝင်နိုင်ငံရေးပါတီများမှ (၁၅)ဦးထက် မပိုသော ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းမည်။ အတွင်းရေးမှူးအဖွဲ့၏ တာဝန်နှင့်ဝတ္တရားများအား ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) မှ ချမှတ်ပေးမည်။

## ၉။ ရုံးအဖွဲ့

အတွင်းရေးမှူးအဖွဲ့သည် ညွှန်ကြားရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူးနှင့် အခြားလိုအပ်သည့် ဝန်ထမ်းများ ပါဝင်သည့် ရုံးအဖွဲ့အား ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) ၏ အတည်ပြုချက်ဖြင့် ဖွဲ့စည်းသွားမည်။ ရုံးအဖွဲ့၏ တာဝန်နှင့်ဝတ္တရားများအား အတွင်းရေးမှူးအဖွဲ့မှ ရေးဆွဲ၍ ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) ၏ အတည်ပြုချက်ကို ရယူရမည်။

## ၁၀။ ဆွေးနွေးမည့် အကြောင်းအရာများကိုအခြေခံ၍ဖွဲ့စည်းထားသည့် လုပ်ငန်းကော်မတီများ

၁၀.၁။ လုပ်ငန်းကော်မတီများကို ညီလာခံတက်ရောက်ခွင့်ရှိသည့် အစုအဖွဲ့များမှ ကိုယ်စားလှယ်များ

အချိုးညီ ပါဝင်စေ၍ ဖွဲ့စည်းရမည်။

၁၀.၂။ လုပ်ငန်းကော်မတီများတွင် အမျိုးသမီးကိုယ်စားလှယ် ၃၀ ရာခိုင်နှုန်း ပါဝင်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရမည်။

၁၀.၃။ လုပ်ငန်းကော်မတီများသည် မိမိတို့အား တာဝန်ပေးအပ်ထားသည့် အကြောင်းအရာ ကိစ္စရပ်များနှင့်ပတ်သက်၍ အကြံပြုချက်နှင့် အဆိုပြုချက်များကို ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံသို့ ဆွေးနွေးဆုံးဖြတ်မှုများ ပြုလုပ်နိုင်ရန် တင်ပြရမည်။

၁၀.၄။ လုပ်ငန်းကော်မတီများသည် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများမှ တင်ပြလာသည့် အကြံပြုချက်များနှင့် အဆိုပြုချက်များကို ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံတွင် ဆွေးနွေး ဆုံးဖြတ်မှုများ ပြုလုပ်နိုင်ရန် မူဝါဒအဆိုပြုလွှာများရေးဆွဲပြီး အတွင်းရေးမှူးအဖွဲ့သို့ ပေးပို့ ရမည်။

၁၀.၅။ လုပ်ငန်းကော်မတီများ တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား လိုအပ်လျှင် ပူးပေါင်းဆောင်ရွက်မှုများကို ပြုလုပ်နိုင်သည်။

၁၀.၆။ လုပ်ငန်းကော်မတီတစ်ခုအတွင်း (သို့မဟုတ်) ကော်မတီများအကြား မဖြေရှင်းနိုင်သည့် သဘောထား ကွဲလွဲမှုများရှိလာပါက ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) သို့ တင်ပြ၍ ဆုံးဖြတ်ချက် ရယူရမည်။

## ၁၁။ အစုအဖွဲ့များ၏နည်းပညာအထောက်အကူပြုအဖွဲ့များ

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံတွင် တက်ရောက်သည့် အစုအဖွဲ့များသည် နည်းပညာ အထောက်အကူပြုအဖွဲ့များကို ဖွဲ့စည်းနိုင်သည်။ ယင်းနည်းပညာအထောက်အကူပြုအဖွဲ့များကို အသိ အမှတ်ပြုပေးနိုင်ရန် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) သို့ တင်ပြရမည်။

## ၁၂။ လေ့လာသူများ

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) သည် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံသို့ တက်ရောက်ရန် ပြင်ပမှလေ့လာသူများကို ဖိတ်ကြားနိုင်သည်။ လေ့လာသူများသည် ပြည် ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) မှ ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများကို လိုက်နာရမည်။

# အခန်း (၈)

# ပြည်ထောင်စုသဘောတူစာချုပ်ချုပ်ဆိုအတည်ပြုခြင်းနှင့် အကောင်အထည်ဖော်ခြင်းလုပ်ငန်းစဉ်များ

## ၁၂။ ပြည်ထောင်စုသဘောတူစာချုပ်ချုပ်ဆိုခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အား ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ရှေးရှု၍ လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုတို့ကို အခြေခံပြီး ပင်လုံစိတ်ဓာတ်နှင့်အညီ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့် အခွင့်အရေးများ အာမခံချက်များ အပြည့်အဝရှိသော၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနှင့်အညီ တည်ဆောက်သွားရန်အလို့ငှာ နိုင်ငံရေးဆွေးနွေးပွဲအဆင့်ဆင့်၏ ဆွေးနွေးမှုရလဒ်များကို အခြေခံ၍ ပြည်ထောင်စုသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးကြရမည်။

၁၂.၁။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ တစ်ကြိမ်ကျင်းပပြီးသည့်အခါတိုင်း ရရှိလာသည့် သဘောတူညီချက်များကို ပြည်ထောင်စုသဘောတူစာချုပ်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ချုပ်ဆိုရမည်။

၁၂.၂။ ထိုသို့ချုပ်ဆိုထားသည့် ပြည်ထောင်စုသဘောတူစာချုပ်ကို ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံတွင် ပါဝင်ဆွေးနွေးကြသည့် သက်ဆိုင်ရာအစုအဖွဲ့အသီးသီး၏ ခေါင်းဆောင်များနှင့် အသိသက်သေများက ပါဝင်လက်မှတ်ရေးထိုးကြရမည်။

၁၂.၃။ ဆွေးနွေးရမည့်အကြောင်းအရာများအားလုံးကို ဆွေးနွေးပြီးသောအခါ အဆင့်ဆင့်ရရှိထားသည့် သဘောတူညီချက်များအားလုံးကို စုစည်း၍ ပြည်ထောင်စုသဘောတူစာချုပ်အဖြစ် သက်ဆိုင်ရာ အစုအဖွဲ့အသီးသီး၏ ခေါင်းဆောင်များနှင့် အသိသက်သေများက ပါဝင်လက်မှတ်ရေးထိုးကြရမည်။

## ၁၃။ အတည်ပြုခြင်း

ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်းများကိုလည်းကောင်း၊ ပြည်ထောင်စုသဘောတူစာချုပ်တစ်ရပ်လုံးကိုလည်းကောင်း အနီးဆုံးကျင်းပသည့် ပြည်ထောင်စုလွှတ်တော်သို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်သွင်း၍ အတည်ပြုချက်ရယူရမည်။

## ၁၄။ အကောင်အထည်ဖော်ခြင်း

၁၄.၁။ ပြည်ထောင်စုသဘောတူစာချုပ်တွင်း ပါရှိသော သဘောတူညီချက်များနှင့် လိုက်လျောညီထွေမှုရှိစေရန် ဥပဒေအသစ်များ ပြဋ္ဌာန်းခြင်း၊ တည်ဆဲဥပဒေများကို ပြင်ဆင်ခြင်း/ ပယ်ဖျက်ခြင်း

တို့ကို လွှတ်တော်၊ တပ်မတော်နှင့် အစိုးရဝန်ကြီးဌာနများမှ မိမိတို့ သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်။

၁၄.၂။ နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုသဘောတူစာချုပ်အား အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်။ ထိုသို့ဆောင်ရွက်ရာတွင် ပြည်သူလူထုနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုကို မြှင့်တင်ရမည်။

၁၄.၃။ ပြည်ထောင်စုသဘောတူစာချုပ်ပါ အချက်အလက်များကို အစိုးရတစ်ရပ်၏ သက်တမ်းအတွင်း ပြီးစီးအောင် အကောင်အထည်ဖော်နိုင်ခြင်း မရှိပါက နောင်ဆက်ခံသော အစိုးရအဆက်ဆက်က ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

## အခန်း (၉)

# အထွေထွေ

### ၁၅။ ပွင့်လင်းမြင်သာမှုရှိခြင်း

အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံမှ ထွက်ပေါ်လာသည့်ရလဒ်များကို အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ရမည်။

### ၁၆။ နိုင်ငံရေးဆွေးနွေးပွဲများနှင့်စပ်လျဉ်းသည့် ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များ

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ၊ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC)၊ လုပ်ငန်းကော်မတီများနှင့် ၎င်းကော်မတီများမှ ကြီးမှူးကျင်းပသည့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ၏ ကုန်ကျစရိတ်များကို ပြည်ထောင်စုအစိုးရမှ ကျခံပေးရမည်။ ထို့အပြင် ပြည်တွင်း၊ ပြည်ပမှ နှောင်ကြိုးမပါသည့် ဘဏ္ဍာရေးနှင့် နည်းပညာဆိုင်ရာအကူအညီများ ရယူနိုင်သည်။ ပြည်ထောင်စုအစိုးရမှ ချမှတ်ပေးသည့် ဘဏ္ဍာငွေနှင့် နိုင်ငံတကာမှပေးအပ်သည့် အကူအညီများအား ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုများဖြင့် သုံးစွဲသွားရမည်။

### ၁၇။ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်အားပြင်ဆင်ခြင်း

နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်တွင် ပါရှိသည့် အချက်အလက်များအနက် ပြင်ဆင်ရန်လိုအပ်သောအချက်များကို ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) တွင် ဆွေးနွေးပြီး ပြင်ဆင်ဖြည့်စွက် အတည်ပြုနိုင်သည်။ ထိုပြင်ဆင်ဖြည့်စွက်ချက်များသည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) တွင် ပါရှိသည့် သဘောတူညီချက်များနှင့် ဆန့်ကျင်ခြင်း မရှိစေရ။

# ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) လုပ်ငန်းလမ်းညွှန်

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) ကို ၂၀၁၅ ခုနှစ် အောက်တိုဘာလ (၁၅–၁၇) နေ့ရက်များတွင် ကျင်းပသော ပထမအကြိမ်တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM) က ဖွဲ့စည်းပေးခဲ့ခြင်း ဖြစ်သည်။

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) သည် နိုင်ငံရေးဆွေးနွေးပွဲများ အောင်မြင်စွာ ကျင်းပသွားနိုင်ရေးအတွက် ရည်ရွယ်သည်။

## ၁။ ဖွဲ့စည်းမှု

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) ကို နိုင်ငံတော်အစိုးရဖက်မှ အစိုးရအဖွဲ့၊ လွှတ်တော်နှင့်တပ်မတော်၊ NCA လက်မှတ်ရေးထိုးကြသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်းများနှင့် တရားဝင်နိုင်ငံရေးပါတီတို့မှကိုယ်စားလှယ်များ အချိုးတူပါဝင်စေကာ ဖွဲ့စည်းသွားမည်။

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) ၏ ဖွဲ့စည်းမှုမှာ အောင်ပါအတိုင်း ဖြစ်သည်။

ဥက္ကဋ္ဌ
ဒု–ဥက္ကဋ္ဌ
ဒု–ဥက္ကဋ္ဌ
ဒု–ဥက္ကဋ္ဌ
အတွင်းရေးမှူး
အတွင်းရေးမှူး
အတွင်းရေးမှူး
အဖွဲ့ဝင်များ

## ၂။ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

က။ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) သည် နိုင်ငံရေးဆွေးနွေးပွဲ အဆင့်ဆင့်ကို ကြီးကြပ်လမ်းညွှန် တာဝန်ခံရမည်။

ခ။ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) သည် နိုင်ငံရေးဆွေးနွေးမှု ဆိုင်ရာ မူဘောင်အား NCA လက်မှတ်ရေးထိုးပြီး ရက်ပေါင်း (၆၀)အတွင်း ရေးဆွဲရန် တာဝန်ရှိသည်။

ဂ။ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) သည် နိုင်ငံရေးဆွေးနွေးပွဲများ ကို NCA လက်မှတ်ရေးထိုးပြီး ရက်ပေါင်း (၉၀)အတွင်း စတင်ကျင်းပရန် တာဝန်ရှိသည်။

ဃ။ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) သည် နိုင်ငံရေးဆွေးနွေးပွဲ များမှထွက်ပေါ်လာသည့် ဆုံးဖြတ်ချက်များကို ပြည်ထောင်စုလွှတ်တော်သို့ လုပ်ထုံးလုပ်နည်း များနှင့်အညီ တင်သွင်း၍ အတည်ပြုချက်ရယူနိုင်ရေးအတွက် ဆောင်ရွက်ရမည်။

င။ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) အနေနှင့် မဆောင်ရွက်နိုင် သည့်ကိစ္စရပ်များ အခက်အခဲများ ရှိလာပါက တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM) သို့တင်ပြ၍ ဆုံးဖြတ်ချက်ရယူရမည်။

စ။ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) သည် နိုင်ငံရေးဆွေးနွေးမှု ဆိုင်ရာလုပ်ငန်းများအတွက် လိုအပ်ပါက ကော်မတီဝင်ကိုယ်စားလှယ်များ ဖြည့်စွက်ခန့်အပ်ခြင်း နှင့် ပြင်ဆင်ဖွဲ့စည်းခြင်းတို့ကို တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM) သို့ တင်ပြ၍ အတည်ပြုချက် ရယူကာ ဆောင်ရွက်နိုင်သည်။

ဆ။ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) သည် နိုင်ငံရေးဆွေးနွေးပွဲ များအတွက် လိုအပ်သည့် ဆပ်ကော်မတီများ၊ နည်းပညာအထောက်အကူပြုအဖွဲ့များနှင့် လုပ်ငန်း အထောက်အကူပြုအဖွဲ့များကို ဖွဲ့စည်း၍ လုပ်ငန်းတာဝန်နှင့် ဝတ္တရားများကို ချမှတ်ပေးရမည်။

ဇ။ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) ၏ အတွင်းရေးမှူးများသည် အစည်းအဝေးတစ်ခုနှင့်တစ်ခုကြားကာလတွင် ဆက်သွယ်ဆောင်ရွက်ရန်နှင့် ကော်မတီ၊ ဆပ်ကော်မတီများ၏ လုပ်ငန်းရပ်များကို ညှိနှိုင်းအကောင်အထည်ဖော်ဆောင်ရွက်ရန် တာဝန်ရှိသည်။

## ၃။ အစည်းအဝေးကျင်းပခြင်း

က။ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) စုံညီအစည်းအဝေးကို (၂) လတစ်ကြိမ်ကျင်းပသွားရမည်။

ခ။ လိုအပ်ပါက ကြားကာလတွင်လည်း အစည်းအဝေးကျင်းပရန် ညှိနှိုင်းဆောင်ရွက်နိုင်သည်။

## ၄။ အစည်းအဝေးအထမြောက်ခြင်း

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) အစည်းအဝေးသည် ကိုယ်စားပြု တက်ရောက်ခွင့်ရှိသည့် အစုအဖွဲ့တစ်ခုချင်းစီမှ ၇၅% တက်ရောက်ပါက အစည်းအဝေး အထမြောက် သည်။

## ၅။ အစည်းအဝေးဆုံးဖြတ်ချက်ချခြင်း

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) သည် လုပ်ငန်းအကောင်အထည် ဖော်ရန်အတွက် ဆုံးဖြတ်ချက်ချရာတွင် အစည်းအဝေးတက်ရောက်လာသော နိုင်ငံတော်အစိုးရ၊ တိုင်းရင်း သားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီမှအစုအဖွဲ့တစ်ခုချင်းစီမှ အနည်းဆုံး ၅၀% အထက် ထောက်ခံမဲရ၍ တက်ရောက်လာသူစုစုပေါင်း၏ ထောက်ခံမဲ သုံးပုံနှစ်ပုံဖြင့် ဆုံးဖြတ်နိုင်သည်။

## ၆။ အထွေထွေ

က။ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) သည် NCA တွင်ပါဝင်သော သဘောတူညီချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံရေးဆွေးနွေးပွဲများ အဆင့်ဆင့်ကျင်းပခြင်းနှင့်စပ်လျဉ်း၍ လိုအပ်ပါက စည်းမျဉ်းစည်းကမ်းများ၊ ကြော်ငြာစာများ၊ လုပ်ထုံးလုပ်နည်းများအား ကော်မတီဝင်ကိုယ်စားလှယ်များနှင့် အခြားကော်မတီဝင်များ သိရှိ နိုင်ရန်အတွက် ထုတ်ပြန်နိုင်သည်။

ခ။ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) သည် ရုံးလုပ်ငန်းများ အ ကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများ၊ ကြော်ငြာစာများ၊ လမ်းညွှန်ချက်များနှင့် အသိပေးစာများ ထုတ်ပြန်နိုင်သည်။

ဂ။ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) ၏ တာဝန်နှင့်လုပ်ပိုင်ခွင့် များကို JICM ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ အပိုဒ် (၈)အရ JICM အစည်းအဝေးများတွင် ပြင်ဆင်ဖြည့်စွက်နိုင်သည်။

# ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC)

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

၁။ ဒေါက်တာ စိုင်းမောက်ခမ်း
ဒုတိယသမ္မတ
၂။ ဦးအောင်မင်း
ပြည်ထောင်စုဝန်ကြီး
ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ
၃။ ဦးသိန်းဇော်
ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ
၄။ ဦးစိုးသိန်း
ပြည်ထောင်စုဝန်ကြီး
၅။ ဦးလှထွန်း
ပြည်ထောင်စုဝန်ကြီး
၆။ ဦးဝင်းထွန်း
ပြည်ထောင်စုဝန်ကြီး
၇။ ဦးဇေယျာအောင်
ပြည်ထောင်စုဝန်ကြီး
၈။ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်
စစ်ဥပဒေချုပ်
၉။ ဦးခင်ဇော်ဦး
ဒုတိယဗိုလ်ချုပ်ကြီး (ငြိမ်း)
၁၀။ ဦးထွန်းထွန်းဦး
ဒုတိယရှေ့နေချုပ်
၁၁။ လွှတ်တော်မှတစ်ဦး
၁၂။ ဦးအောင်သိမ်း
ဒုတိယဝန်ကြီး
၁၃။ ဦးခင်ရီ
၁၄။ ဦးသန်းဌေး
၁၅။ ဦးလှမောင်ရွှေ
အထူးကြံပေး
မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန
၁၆။ ဦးတင်မောင်သန်း
အထူးအကြံပေး
မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန

**တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ**

၁။ ပဒို စောကွယ်ထူးဝင်း
အထွေထွေအတွင်းရေးမှူး
ကေအဲန်ယူ–ကရင်အမျိုးသားအစည်းအရုံး (KNU)

၂။ ဗိုလ်မှူးကြီး စောကျော်ညွန့်
တွဲဖက်အထွေထွေအတွင်းရေးမှူး(၁)
ကရင်အမျိုးသားအစည်းအရုံး/ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်
(ငြိမ်းချမ်းရေးကော်မတီ) (KNU/ KNLA PC)

၃။ ဒေါက်တာ ဆလိုင်းလျန်မှုန်း
အဓိပတိကောင်စီဝင်
ချင်းအမျိုးသားတပ်ဦး (CNF)

၄။ ဗိုလ်မှူး စိန်ဝင်း
စစ်ဦးစီးမှူးဒုတိယတန်း
ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် (DKBA)

၅။ ခွန်မြင့်ထွန်း
ဥက္ကဋ္ဌ
ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO)

၆။ ရဲဘော် မျိုးဝင်း
ဒုတိယဥက္ကဋ္ဌ
မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (ABSDF)

၇။ စောမြရာဇာလင်း
ဗဟိုကော်မတီ
ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)

၈။ ဗိုလ်မှူးချုပ် ဘောင်ခေး
ဒု–စစ်ဦးစီးချုပ်
သျှမ်းပြည်ပြန်လည်ထူထောင်ရေးကော်မတီ (RCSS)

၉။ ရဲဘော် မိဆူးပွင့်
ဗဟိုဦးဆောင်ကော်မတီဝင်
မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (ABSDF)

၁၀။ ဆလိုင်းထလာဟေး
ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်
ချင်းအမျိုးသားတပ်ဦး (CNF)

၁၁။ ခွန်ထွန်းဝင်
ဗဟိုကော်မတီဝင်

ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO)

၁၂။ သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)

၁၃။ ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် (DKBA)

၁၄။ ကရင်အမျိုးသားအစည်းအရုံး/ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (ငြိမ်းချမ်းရေးကော်စီ) (KNU/ KNLA-PC)

၁၅။ ကေအဲန်ယူ–ကရင်အမျိုးသားအစည်းအရုံး (KNU)

၁၆။ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)

**ဒုတိယဥက္ကဋ္ဌများ**

**အစိုးရ**

၁။ ဝန်ကြီး ဦးအောင်မင်း

**တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ**

၁။ ပဒို စောကွယ်ထူးဝင်း

**အတွင်းရေးမှူးအဖွဲ့**


**အစိုးရ**

၁။ ဦးလှမောင်ရွှေ

**တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ**

၁။ ဒေါက်တာ ဆလိုင်းလျန်မှုန်း

# နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုဆိုင်ရာ မူဘောင်



# Framework for Political Dialogue

